# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကျောက်ဆည်မြို့မှ ရိုးရာအမွေအနှစ်များ ဖော်ထုတ်ပေးလျက်ရှိသည့် ရွှေအိုးဆင်ချီးနှင့် ရွှေချည်ထိုးလုပ်ငန်း ပြည်ပတင်ပို့နိုင်သည်အထိ အောင်မြင်လာ

**ကျောက်ဆည် နိုဝင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် ရိုးရာအမွေအနှစ်များ ဖော်ထုတ်ပေးနေသည့် ကျောက်ဆည်မြို့မှ ရွှေအိုးဆင်ချီးနှင့် ရွှေချည်ထိုးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

ကျောက်ဆည်မြို့၌ အဆိုပါ ဆင်ချီးလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြပြီး ဆင်ရုပ်ချီးကုန်ကျပစ္စည်းအနေဖြင့် နီးဝါးကို အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဆင်ရုပ်ချီးလုပ်ငန်းကို ၂၀၀၂ ခုနှစ်မှာ စတင်လုပ်ကိုင်ခဲ့ပါတယ်။ ဆင်ချီးလုပ်ငန်း ကုန်ကြမ်းအဓိကကတော့ ကျွန်တော်တို့ ဝါး (နီးဝါး) အခြေခံဆောင်ရွက်ရတာမို့

*စာမျက်နှာ ၅ ကော်လံ ၁* ❐



## "အပြည်ပြည်ဆိုင်ရာကလေးများနှစ်" အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းအသစ် ထုတ်ဝေမည်




**နေပြည်တော် နိုဝင်ဘာ ၂၈**

၁၉၇၉ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာကလေးများနှစ်"အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ခဲ့ပြီး ပန်းချီဆရာကြီး ဦးခင်လှိုင် ရေးဆွဲပေးခဲ့သည့် တံဆိပ်ခေါင်းဒီဇိုင်းဖြင့် မြန်မာနိုင်ငံမှ "အပြည်ပြည်ဆိုင်ရာကလေးများနှစ်" အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းကို ၁၉၇၉ ခု ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ဝေခဲ့သည်။

ယခုနှစ် ၂၀၂၃ တွင် **"အပြည်ပြည်ဆိုင်ရာကလေးများနှစ် (၄၄) နှစ်ပြည့်" အထိမ်းအမှတ်**အဖြစ် အဆိုပါ ပန်းချီဆရာကြီး ဦးခင်လှိုင် ရေးဆွဲပေးထားသည့် ပန်းချီဒီဇိုင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းက (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်အဖြစ်

*စာမျက်နှာ ၄ ကော်လံ ၁* ✪


**ယနေ့ မာတိကာ**

မြန်မာနိုင်ငံအပေါ် ကိုလိုနီစနစ်၏ အကျိုးသက်ရောက်မှုများ — ဆောင်းပါး — စာ ၆

မသန်စွမ်းသူများ၏ ဘဝအရည်အသွေးဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်ပေး — ဆောင်းပါး — စာ ၁၀

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း — ပြည်တွင်းသတင်း — စာ ၁၂



ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး နှစ်ရက်သက်တမ်းတိုးရန် အစ္စရေးနှင့် ဟားမားစ်တို့ သဘောတူ — နိုင်ငံတကာသတင်း — စာ ၁၃

မြန်မာ့အလင်း

## သမဝါယမအသင်းများအဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည်။ MSME များ အားကောင်းမောင်းသန် ဖွံ့ဖြိုးလာစေရန်မှာ လုပ်ငန်းတူရာ အသေးစားစီးပွားရေးလုပ်ငန်းများ အချင်းချင်းပူးပေါင်း၍ လုပ်ငန်းကြီးတစ်ခုဖြစ်လာအောင် ဆောင်ရွက်ရန်ဖြစ်ပြီး မိမိတို့နိုင်ငံ အနေအထားအရ သမဝါယမစနစ်ဖြင့်ဆောင်ရွက်ခြင်းက အသင့်တော်ဆုံးဖြစ်သည်။

သမဝါယမ(Co-operative)သည် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀ ရာစု အစပိုင်းကပင် စတင်ကျင့်သုံးခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော် ရင်းနှီးကျွမ်းဝင်ခဲ့ပြီးသည့်စနစ်လည်းဖြစ်သည်။ လက်ရှိအခြေအနေတွင် မြန်မာတစ်နိုင်ငံလုံး၌ သမဝါယမအသင်းပေါင်း ၃၉၀၀၀ ကျော် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၈၁ ရာခိုင်နှုန်းဖြင့် အများဆုံး၊ ဝန်ဆောင်မှုကဏ္ဍတွင် ၁၁ ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍတွင် ၈ ရာခိုင်နှုန်း သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ သာမန် စုပေါင်းဆောင်ရွက်ခြင်းထက် သမဝါယမအဖြစ် ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ဥပဒေ၊ နည်းဥပဒေအရလည်းကောင်း၊ လုပ်ကိုင်ပုံနည်းစနစ်အရလည်းကောင်း၊ စာရင်းဇယားထားသိုမှု၊ စာရင်းစစ်ဆေးမှုအရလည်းကောင်း စနစ်ကျနခိုင်မာသည့် အားသာချက်များ ရရှိနိုင်သည့်အပြင် ငွေကြေးအရင်းအနှီးရရှိရေး၊ ဈေးကွက်ရရှိရေးတို့အတွက်လည်း အခွင့်အလမ်းကောင်းများ ရရှိနိုင်ပြီး အချိန်တိုအတွင်း အောင်မြင်မှု ရရှိနိုင်သည်။

သမဝါယမအသင်းများ ဖွဲ့စည်းခြင်းသည် အကျိုးတူ စီးပွားဖက်များအဖြစ် ဆန္ဒအလျောက်ပေါင်းစည်း လုပ်ကိုင်ကြခြင်းဖြစ်သည်။ သမဝါယမအသင်း ဖွဲ့စည်းရန်အတွက် အသင်းသားအဖြစ် ပါဝင်ခွင့်ရှိသူ ပုဂ္ဂိုလ်အနည်းဆုံး ငါးဦးက အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ၍ အသင်းအဖြစ်ဖွဲ့စည်းရန် ဆုံးဖြတ်ပြီး ဖွဲ့စည်းနိုင်သည်။ အသင်းစည်းကမ်းများကို ရေးဆွဲ၍ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၌ အတည်ပြုခြင်း၊ အသင်း၏ အမှုဆောင်အဖွဲ့ကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သမဝါယမအသင်းများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ စာရင်းဇယားများ မှန်ကန်ရေး၊ စီမံခန့်ခွဲရေး စသည့်ဆောင်ရွက်ချက်များကို သမဝါယမဦးစီးဌာနက ထိန်းကျောင်းမှုများပြုလုပ်ပေးသည်။ ထို့အပြင် သမဝါယမအသင်းများ၏ စီမံအုပ်ချုပ်မှုဆိုင်ရာ၊ စာရင်းဇယားနှင့် ငွေကြေးဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာများအတွက်လည်း အသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အချုပ်အားဖြင့်ဆိုပါက သမဝါယမဦးစီးဌာနသည် သမဝါယမအသင်းများ ဖွဲ့စည်းပေးခြင်း(Organization)၊ စည်းရုံးပညာပေးခြင်း(Education)၊ တည့်မတ်ပြုပြင်ပေးခြင်း(Regulation) တို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်သည်။

"သမဝါယမ၏ ကျင့်ဝတ်" (Ethic)သည် ရိုးသားခြင်း၊ ပွင့်လင်းခြင်း၊ လူမှုရေးစိတ်ဓာတ်ရှိခြင်း၊ အများအကျိုးကို အလေးထားခြင်းဖြစ်ပြီး "သမဝါယမ၏ အနှစ်သာရ" (Value)သည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း စည်းလုံးညီညွတ်ခြင်း ဖြစ်သည်။ သမဝါယမစနစ်သည် နိုင်ငံတကာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေသည့် စနစ်တစ်ခုဖြစ်ပြီး မှန်မှန်ကန်ကန်၊ တက်တက်ကြွကြွ၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မှုကို ရရှိစေသည်။ တစ်ဦးချင်းလုပ်ငန်းငယ်လေးများအဖြစ် ပြန့်ကျဲအားနည်းစွာ ဆောင်ရွက်နေခြင်းအားဖြင့် မရရှိနိုင်သော အောင်မြင်မှုကို စုပေါင်းညီညာ ဝါယမစိုက်ထုတ်ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည်ဖြစ်ရာ အကျိုးတူ စီးပွားဖက်များအနေဖြင့် သမဝါယမအသင်းများအဖြစ် စုပေါင်းဖွဲ့စည်းလုပ်ကိုင်ကာ မြန်မာ့ MSME လုပ်ငန်းများ အောင်မြင်ကြီးပွား တိုးတက်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။
- ★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
- ★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

## ဇမ္ဗူသီရိမြို့နယ်၌ ပထမနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မြန်မာအီလက်ထရောနစ် မဲပေးစက် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဇမ္ဗူသီရိမြို့နယ်အတွင်း ပထမနေ့အဖြစ် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်နှင့် အလျင်လို ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်တည်ဆောက်ပုံ၊ စက်နှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် မဲပေးပုံနည်းလမ်းများကို မဲဆန္ဒရှင်ပြည်သူများ စနစ်တကျသိရှိ နားလည်ပြီး ကောင်းမွန်စွာ အသုံးပြု ဆောင်ရွက်နိုင်ရန် လက်တွေ့သရုပ်ပြ ရှင်းလင်းပြသကြသည်။

ထို့နောက် မဲဆန္ဒရှင် ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ(**အပေါ်ပုံ**) ဆောင်ရွက်ကြရာ ၎င်းတို့ကိုယ်တိုင် မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များ တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို အလှည့်ကျဆောင်ရွက်ကြသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၄ ခုမှ မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်း သရုပ်ပြသခြင်းနှင့် စမ်းသပ် မဲပေးခြင်းများကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစပြီး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှစပြီး မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး) ဘာသာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့မှစပြီး မတ်လ (၃၁) ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် (၈:၀၀)နာရီမှ (၁၀:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀) နာရီမှ နံနက် (၁၂:၀၀) နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၄:၀၀) နာရီအထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ (၁၆:၀၀) နာရီမှ ညနေ (၁၇:၀၀) နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ (၁၇:၀၀) နာရီမှ ညနေ (၁၈:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ (၁၈:၀၀) နာရီမှ ည (၁၉:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ ည (၁၉:၀၀) နာရီမှ (၂၀:၀၀) နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည (၂၀:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ မွန်ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တောင်ကြီး မီးပုံးပျံလွှတ်တင်သည့်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မီးပုံးပျံလွှတ်တင်ပေးသည့် တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်အဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ၊ အခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် တောင်ကြီး မီးပုံးပျံလွှတ်တင်သည့်အဖွဲ့များ၊ အထောက်အကူပြုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။



**အောင်မြင်စွာဆောင်ရွက်နိုင်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးသွေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်းအခမ်းအနားများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း မီးပုံးပျံများ လွှတ်တင်ပူဇော်နိုင်မှုအနေဖြင့် ညမီးကြီး ၁၁ လုံး၊ စိန်နားပန်အလုံး ၂၀ စုစုပေါင်း မီးပုံးပျံ ၃၁ လုံးအား လွှတ်တင်နိုင်ခဲ့ပြီး တောင်ကြီးမြို့မှ မီးပုံးပျံပညာရှင်များအဖွဲ့အနေဖြင့် ရရှိသည့် အချိန်တစ်လခွဲခန့်ကာလအတွင်း ပြီးစီးအောင်မြင်အောင် ကြိုးတင်ပြင်ဆင် ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံပွဲတော် အခမ်းအနားကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ကြီးဌာနများ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မီးရှူးမီးပန်း ပစ်လွှတ်ရေးအဖွဲ့၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကုမ္ပဏီများ အားလုံးနှင့် အထောက်အကူပြုအဖွဲ့များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် က ဂုဏ်ပြုအမှာစကားပြောကြားပြီး တောင်ကြီးမြို့ မီးပုံးပျံအဖွဲ့မှ ကိုယ်စားလှယ် ဦးတိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ခြင်းတွင် တောင်ကြီး မီးပုံးပျံ လွှတ်တင်သည့်အဖွဲ့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး(ဓာတ်ပုံ) ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၃ လက်မဖြစ်သည်။

**မိုး/ဇလ**

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲနှင့် အဆင့်မြင့်ပညာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။



အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း အားကစားနည်း လေးမျိုးဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ် အားကစားနည်းငါးမျိုးဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အားကစားပြိုင်ပွဲ ကျင်းပရေး၊ တည်းခိုရေး၊ စားသောက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက အားကစားပြိုင်ပွဲများ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သံဃာတော်နှင့် သီလရှင်များအား ဒုတိယအကြိမ် အသည်းရောင်အသားဝါရောဂါ "ဘီ"ပိုး ကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်အတွင်းရှိ ပထမအကြိမ် အသည်းရောင်အသားဝါရောဂါ "ဘီ" ပိုး ကာကွယ်ဆေးထိုးနှံမှုကာလ တစ်လပြည့်မြောက်သော သံဃာတော်/ သီလရှင်များအား ဒုတိယအကြိမ် အသည်းရောင်အသားဝါရောဂါ "ဘီ"ပိုး ကာကွယ် ဆေးထိုးနှံမှု အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ သံဃဘေသဇ္ဇဌာနဝိဟာရသံဃာ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အလှူငွေများ လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က တာဝန်ရှိသူများက သံဃဘေသဇ္ဇဌာနဝိဟာရသံဃာ့ဆေးရုံ၌ သံဃာတော် ၁၇၂ ပါးတို့အား ဒုတိယအကြိမ် အသည်းရောင်အသားဝါရောဂါ "ဘီ" ပိုး ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထား၍ နေပြည်တော်တိုင်း ကျန်းမာရေးဦးစီးမှူး၊ သံဃဘေသဇ္ဇဌာနဝိဟာရသံဃာ့ဆေးရုံ ဆေးရုံအုပ်ကြီးနှင့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူတို့က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းလျှောက်ထားကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မိသားစုက အသည်းရောင်အသားဝါရောဂါ "ဘီ"ပိုး ကာကွယ်ဆေးအတွက် အလှူငွေများ လှူဒါန်းပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိသားစုက ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဌာနဝိဟာရ သံဃာ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများ လှူဒါန်းသည်။

**အခမဲ့ထိုးနှံပေးမည်**

ယနေ့တွင် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောကျောင်း၊ လယ်ဝေးမြို့ ခုတင် ၁၀၀ ဆေးရုံကြီး၊ တပ်ကုန်းမြို့ မဟာဇနကပရိယတ္တိစာသင်တိုက်၊ ပုဗ္ဗသီရိမြို့ ခုတင် ၃၀၀ ဆေးရုံကြီးတို့တွင်လည်း ဒုတိယအကြိမ် အသည်းရောင်အသားဝါရောဂါ "ဘီ" ပိုး ကာကွယ်ဆေးထိုးနှံမှုအခမ်းအနားများ ကျင်းပခဲ့ရာ စုစုပေါင်း သံဃာ/သီလရှင် ၁၂၄၁ ပါးတို့အား တစ်ချိန်တည်း တစ်ပြိုင်တည်း ထိုးနှံပေးခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တတိယအကြိမ်အဖြစ် သုံးကြိမ်အပြည့် အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ကြသည့် ဝန်ထမ်းများ၏ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန် / ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများ အနေဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်လာစေရန်နှင့် တက်ကြွစွာ လေ့လာသင်ယူနိုင်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ အတွေ့အကြုံရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် လေ့လာသိရှိတတ်ကျွမ်းခဲ့ကြသည့်အတွေ့အကြုံကောင်းများကို Know-ledge Sharing ပြုလုပ်ပေးခြင်းဖြင့် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက မိမိတို့ဆောင်ရွက်နေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် လိုအပ်သလို အသုံးချဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်ပနိုင်ငံများသို့ ပညာတော်သင်၊ သင်တန်း၊ လေ့လာရေးခရီးစဉ်များ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများသို့ ရွေးချယ်စေလွှတ်ခြင်းခံရပါက နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏ အရည်အချင်း၊ အရည်အသွေးများကို အမြဲမပြတ် မြှင့်တင်ဖြည့်တင်းထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ဝန်ထမ်းများက ထိုင်းနိုင်ငံ ချင်းမိုင်နှင့် ချင်းရိုင်ပြည်နယ်များသို့ ထိုင်းနိုင်ငံ၏ အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စွမ်းရည်မြှင့်တင်ရေး သင်တန်းဆိုင်ရာ ဆောင်ရွက်နေမှုအား သွားရောက်လေ့လာခဲ့မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Applied Chinese for Government Officials from ASEAN Countries သို့တက်ရောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ ရွှေ့ဖုံးမှ

**၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၁)ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲ** မှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ထုတ်ဝေရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၁) ရက်၊ (သောကြာနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲ အမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်သမဝါယမအသင်းစုချုပ်မှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်

**မိုးညှင်း နိုဝင်ဘာ ၂၈**

ကချင်ပြည်နယ် သမဝါယမ အသင်းစုချုပ်ပိုင် Kubota 70 G Pro ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစိုက်ပျိုးထားသည့် တောင်သူများ ရိတ်သိမ်းချိန်အမီ မိုးစပါးများ ရိတ်သိမ်းနိုင်ရန်အတွက် လယ်ယာဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ မိုးညှင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ မတည်ပံ့ပိုးငွေရယူ၍ မိုးစပါး စိုက်ပျိုးထားသော တောင်သူများ၏ လယ်ကေများနှင့် ပြင်ပမှ မိုးစပါးစိုက်ပျိုးထားသည့် တောင်သူများ၏ လယ်ကေများကို ရိတ်သိမ်းဆောင်ရွက်ပေးလျက်ရှိရာ လယ်ကေ ၁၀၀ ကျော် ရိတ်သိမ်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# သနပ်ပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် ဆင်းသုခစပါးများရိတ်သိမ်း

**သနပ်ပင် နိုဝင်ဘာ ၂၈**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း ဆင်းသုခစပါးများ စိုက်ပျိုးထားရှိသည့် ကမာဖရုံကျေးရွာ ဒိုင်းမွန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းလီမိတက်မှ အသင်းသား ၆၉ ဦး၏ စိုက်ကေ ၃၄၇ ကေနှင့် ငါးကြီးဝင်းကျေးရွာ လင်းလက်ဟိန်း စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသား ၄၅ ဦး စိုက်ကေ ၁၅၃ ကေတို့မှ မိုးစပါးများ ရိတ်သိမ်းဆောင်ရွက်လျက်ရှိရာ တစ်ကေလျှင် စပါးတင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**စစ်တွေ နိုဝင်ဘာ ၂၈**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

**စနစ်တကျဆောင်ရွက်ကြစေလို**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက လက်တွဲညီညီဆောင်ရွက်ခဲ့ကြပါကြောင်း၊ လက်ရှိအခြေအနေတွင်ဌာနဆိုင်ရာများအားလုံးသည် အစိုးရအဖွဲ့နှင့်အတူ ညီညီညာညာဖြင့် ပေါင်းစည်းပြီး ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ ဝန်ထမ်းကောင်းစိတ်ဓာတ်နှင့်အညီ နိုင်ငံတော်အပေါ်တွင်၊ အစိုးရအပေါ်တွင် သစ္စာစောင့်သိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မဟုတ်မမှန်သော သတင်းများအပေါ်တွင် ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဝန်ထမ်းများကို မိမိတို့အတွေ့အကြုံဖြင့် သုံးသပ်ရှင်းလင်းပြောပြနိုင်ရမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ထမ်းများအား ရုံးနှင့်ပတ်သက်သည့် ရုံးသုံးပစ္စည်းများ၊ စာရွက်စာတမ်းများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်စေရေး မှာကြားထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့လက်အောက်ရှိ ခရိုင်နှင့် မြို့နယ်အဆင့်ဝန်ထမ်းများကို အချင်းချင်း မိမိတို့လုပ်ငန်းများ၊ မိမိဒေသ၏အခြေအနေများကို အဆက်အသွယ်လုပ်ပြီး ရုံးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**လိုအပ်သည်များ မှာကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ဆက်သွယ်ရေးကိစ္စရပ်များ၊ ခရီးသွားလာခွင့်ဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**လှည့်လည်ကြည့်ရှုဖူးမြော်**

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော်အတွင်း၌ ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဆရာတော်သံဃာတော်များအား ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရာသီတုပ်ကွေး ကာကွယ်ဆေးထိုးနှံနေမှုအား လှည့်လည်ကြည့်ရှုဖူးမြော်ကြသည်။

ဆရာတော်ကြီးများအား ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးကြပြီး ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေး Influenza Vaccine (Vaxigrip Tetra) ထိုးနှံပေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

❒ *ရှေ့ဖုံးမှ*

နှီးဝါးတွေကို နေပြည်တော်၊ ပျဉ်းမနားဘက်ကလာတဲ့ ဝါးတွေ အဓိကထားဝယ်ယူ အသုံးပြုရပါတယ်။ ဝါးအသုံးပြုတဲ့နေရာမှာလည်း ဝါးအမျိုးမျိုး အသုံးပြုရပါတယ်။ နှီးအဖြစ်နဲ့နှီးဝါးကို အသုံးပြုရပါတယ်။ နောက်ပြီး ကျွန်တော်တို့ ဝွေတွေတည်ဖို့ကတော့ ပျဉ်းမနားကလာတဲ့ ဝါးတွေကို အသုံးပြုရပါတယ်။ ဆင်ကတဲ့ အခါမှာဆင်ထဲမှာဝင်ပြီး ထမ်းပိုးကရတဲ့ ထမ်းပိုးဝါးလို့ခေါ်တဲ့ ထမ်းဝါးတွေကို ဝါးပိုးဝါးထဲမှ အတုတ်ဆုံးဝါးတွေနဲ့ ကျွန်တော်တို့ ပြုလုပ်ပေးရပါတယ်။ လက်ကိုင်လို့ရမယ့် ဝါးချဉ်၊ ဝါးမျှဉ်ဝါးလေးတွေကို အသုံးပြုရပါတယ်။ အခြေခံအနေနဲ့ ဝါးတွေပြုလုပ်ပြီးတဲ့အပေါ် အဆင့်ပြီးတော့ စက္ကူအကြမ်းကပ်တဲ့နေရာမှာ ကျွန်တော်တို့က ရှမ်းပြည်ကလာတဲ့စက္ကူ၊ မှိုင်းခံစက္ကူ၊ ကုန်ကြမ်းစက္ကူတွေကို ပထမဦးဆုံး အဆင့်အနေနဲ့ ကပ်ပေးရပါတယ်။ အဲဒါပြီးသွားတော့ စက္ကူတွေ ခြောက်သွားရင် နောက်တစ်ဆင့်အနေနဲ့ စစ်တောင်းကလာတဲ့ စက္ကူဂျပ်အညို အထူစားကို အပေါ်ကနေ အဆင့်ဆင့်ပြုလုပ်ပြီး ကပ်ပေးရပါတယ်။ ကုန်ကြမ်းက ဝါးအခြေခံတယ်ဆိုသော်လည်း ယနေ့ခေတ်မှာ အလှအပဆင်တဲ့ ပစ္စည်းတွေပါလာပြီး အလှအပပစ္စည်းတွေဖြစ်တဲ့ ဘော်ကြယ်ရွှေချည်ထိုး တန်ဆာပလာတွေကို အများဆုံး အသုံးပြုနေတာကတော့ တရုတ်နိုင်ငံထုတ် ဘော်ကြယ်ပစ္စည်းတွေကို အလှအပတန်ဆာဆင်တဲ့ ပစ္စည်းအမျိုးမျိုးအဖြစ် အသုံးပြုကြပါတယ်။ ကတ္တီပါစကို ကုန်ကြမ်းအနေနဲ့ သုံးပြီးတော့ အချောထည် ပြုလုပ်ပေးရပါတယ်။ အလှတန်ဆာဆင် ပြုလုပ်ပေးရပါတယ်”ဟု ကျောက်ဆည်မြို့ ဖောင်ရွှာရပ်ကွက်မှ ရွှေအိုးဆင်ချိုးနှင့် ရွှေချည်ထိုးလုပ်ငန်း လုပ်ကိုင်သူ ဦးအောင်ခိုင်စိုးက ပြောသည်။

ဆင်ရုပ်တစ်ရုပ် စချိုးသည့်အချိန်မှာ အနည်းဆုံးတစ်ပတ်၊ ၁၀ ရက်ကြာပြီး ဝါးအကြမ်းထည်ကနေ အပေါ်ဆေး အချောအလှဆင်ပြီးသည့်အထိ တစ်ပတ်၊ ၁၀ ရက်ကြာကြောင်း၊ အလှအပဘော်ကြယ်ဆင်တွင် အလှအပတန်ဆာပလာဒီဇိုင်းများ ပါလာသည့်အတွက် တစ်လခန့် အနည်းဆုံးအချိန်ယူပြီး အလုပ်လုပ်ရကြောင်း သိရသည်။

“ဆင်တစ်စီးရဲ့ ခံနိုင်ရည်အား ဆင်တစ်စီးမှာ အပေါ်မှာပါတဲ့ ဆင်ရဲ့တန်ဆာပလာ ဝိတ်အချိန်တွေပါမယ်။ အထဲမှာ ပြုလုပ်ထားတာကတော့ နှီးနဲ့ တုပ်ပါတယ်။ ဝါးကို နှီးနဲ့တုပ်ထားတာဖြစ်တဲ့ အတွက် လူနှစ်ယောက်က ဆင်ကို ငြိမ်နေအောင်ထားလို့ မရဘူး။ လှုပ်ရမ်းခါနေတဲ့အတွက် ဆင်ရဲ့ချို့ယွင်းချက် အနည်းငယ်ဖြစ်လာရင် ပြန်ပြီး ပြုပြင်ပေးရပါတယ်။ လိုအပ်တဲ့အရာ၊ လိုအပ်တဲ့ အချက်တွေကိုပြန်ပြီး ပြုပြင်ပေးရပါတယ်။ အဲဒီလိုပြုပြင်တာ နည်းအောင် စတင်လုပ်ကတည်းက ပျက်တတ်တဲ့နေရာ၊ ချို့ယွင်းတတ်တဲ့နေရာတွေကို ကျွန်တော်တို့က အထူးဂရုစိုက်ပြီး အသစ်ပြုလုပ်စဉ်ကတည်းက ပြုလုပ်ပေးပါတယ်။

“ဆင်ရုပ်ပြုလုပ်တဲ့အခါ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ကျောက်ဆည်ဒေသအနေနဲ့ကတော့ လက်ဆောင်ပေးတယ်၊ ဘုရားတင်တယ်။ အမှတ်တရပေးတဲ့ ဆင်ရုပ်အသေးအနေနဲ့ တစ်ပိုင်းရှိပါတယ်။ လူဝင်ကတဲ့ ဆင်ရုပ်က ကြိုးဆင်တွေမှာကျတော့ အမျိုးအစား အမျိုးမျိုးခွဲပေးထားပါတယ်။ ကျွန်တော်တို့က ရိုးရာဆင်၊ ဘော်ကြယ်ဆင် ပြုလုပ်ပါတယ်။ ရိုးရာဆင်နဲ့ ဘော်ကြယ်ဆင်ကြားမှာ အလှအပတန်ဆာဆင်ထားတဲ့ ဆင်ရုပ်အမျိုးမျိုးခွဲခြားပေးထားပါတယ်။ လက်ဆောင်ပေးတဲ့ ဆင်အတိုင်းအတာဆိုရင် အနည်းဆုံး အနိမ့်ဆုံး ဆင်ရုပ်အသေးဆိုရင်သုံးထောင်ကျပ်ကနေ အမြင့်ဆုံးလေးသောင်းကျပ်မှ ငါးသောင်းကျပ်အထိ ရှိပါတယ်။ ဈေးအစားစားရှိပါတယ်။ ပစ္စည်းပေါ်မူတည်ပြီး လူဝင်ကတဲ့ ဆင်ရုပ်အကြီးကြီးတွေအနေနဲ့ကတော့ ရိုးရာဆင်ဆိုရင် ဒီနှစ်ပေါက်ဈေးက လေးသိန်းခွဲရှိပါတယ်။ ကျွန်တော်တို့ ကျောက်ဆည်မှာ ပုံမှန်နှစ်စဉ်ကျင်းပနေတဲ့ ဆင်ပွဲတော်မှာ ဝင်ပြိုင်တဲ့ရိုးရာဆင်တွေပါ။ ဘော်ကြယ်ဆင်အနေနဲ့ကတော့ ဒီနှစ်ပေါက်ဈေး ၂၅ သိန်းရှိပါတယ်။ အသေးစိတ်ကတော့ ဆင်ရုပ်က ဈေးအစားစားရှိပါတယ်”ဟု ၎င်းက ပြောသည်။

ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချမှုနှင့်ပတ်သက်ပြီး “ကျွန်တော်တို့ ငယ်စဉ်တုန်းက ကျောက်ဆည်နယ်တစ်ဝိုက်မှာပဲ တော်တော် နာမည်ကြီးခဲ့တာပါ။ ကျောက်ဆည်နယ်ဒေသလောက်ပဲ ဆင်ရုပ်နဲ့ကကြတာပါ။ ကျွန်တော်တို့ နိုင်ငံနဲ့ဖြန့်ချိမှုအနေနဲ့ကတော့ နေရာအနှံ့အပြားမှာ အမြို့မြို့အနယ်နယ်တိုင်းမှာ လက်ညှိုးထိုး မလွဲဘူး။ ကျောက်ဆည်ဆင်ဆိုရင် ပျံ့နှံ့ပြီး ရောက်ရှိနေပါပြီ။ တော်တော်များများကလည်း ကျောက်ဆည်ဆင်ရဲ့ ဆင်အကအလှသဘာဝကို တော်တော်လေး စိတ်ဝင်စားပြီး စိတ်ဝင်တစားနဲ့ ပြုလုပ်လာတဲ့ မြို့တွေလည်း တော်တော်များလာပါပြီ။ ကျွန်တော်တို့ ကိုဗစ်ကာလ မတိုင်မီ ဂျပန်နိုင်ငံကို ဘော်ကြယ်ဆင်နှစ်စီး၊ အမေရိကန်နိုင်ငံကို ကပ်ပန်းဆင်တစ်စီး၊ ထိုင်းနိုင်ငံကို ငါးစီးထိအောင် တင်သွင်းရတဲ့ အဆင့်ထိရောက်ခဲ့ပါပြီ”ဟု ဦးအောင်ခိုင်စိုးက ဆိုသည်။



“ကျွန်တော်တို့စပြီး အလုပ်လုပ်ပြီဆိုကတည်းက အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနဲ့ ဆက်သွယ်ပြီး အသေးစားလုပ်ငန်းအနေနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ငန်းနဲ့ပတ်သက်ပြီး အကြံပြုတဲ့အချက်တွေကို လိုက်နာဆောင်ရွက်ပါတယ်။ လိုအပ်တဲ့အကူအညီတွေ ရယူလုပ်ကိုင်ဆောင်ရွက်ပါတယ်။ ကိုယ့်ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းလာတဲ့အတွက် လုပ်ငန်းတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် မြို့နယ်မှကြီးမှူးပြီး သင်တန်းအနေနဲ့ ဖွင့်လှစ်နိုင်ရင် ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

“ကျွန်တော်တို့က အနယ်နယ်အရပ်ရပ် ကိုယ့်ရဲ့ရိုးရာ၊ ကိုယ့်ဒေသရဲ့ဂုဏ်၊ ဆင်ရုပ်ချိုးအနုပညာ၊ ဆင်အက ပညာတို့ဆိုတာတော့ ပျံ့နှံ့နိုင်ရင် ကောင်းပါတယ်။ ကျွန်တော်တို့ တစ်ဦးတည်းအတွက်တော့ မဟုတ်ပါဘူး။ အများအတွက်ဆိုရင် ရိုးရာဆင်ဆိုတာ ကျောက်ဆည်ဒေသရဲ့ပြယုဂ်ဖြစ်ပါတယ်။ တခြားမြို့ရွာတွေအနေနဲ့ကတော့ သူတို့ရဲ့ အနုပညာဖျော်ဖြေမှု အနုပညာပြယုဂ်တစ်ခုအနေနဲ့ အသုံးပြုတာဖြစ်ပါတယ်။ ဆင်ရုပ်ဆိုရင် ကျွန်တော်တို့ဒေသရဲ့ ဂုဏ်နဲ့ဆင်ပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲ ကျင်းပလျက်ရှိပါတယ်။ တခြားမြို့၊ တခြားနယ်တွေအနေနဲ့ကတော့ ဝါသနာပါပြီး ဆောင်ရွက်လုပ်ကိုင်လိုရင် အမြဲကြိုဆိုပါတယ်။ အမြဲတမ်းလည်း ဂုဏ်ယူပါတယ်။ ဆင်ရုပ်ချိုးလုပ်ငန်းကို အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၅ ဦးနဲ့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်ဆည်သူ၊ ကျောက်ဆည်သားတွေမကပါဘူး အခြားသူတွေက ဝါသနာပါတယ်ဆိုရင် ကျွန်တော်တို့ တော်တော်လေးကို လေးစားပါတယ်။ ကျောက်ဆည်နယ်သူ၊ ကျောက်ဆည်နယ်သားများအနေနဲ့ တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့၊ ယနေ့လူငယ်တွေ ရိုးရာအမွေ ထိန်းသိမ်းတတ်စေဖို့အတွက် ဆင်ရုပ်ချိုးလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ဖို့ ပြောချင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

**တွေ့ဆုံမေးမြန်း – တင်တင်ထွေး**
**(ပြန်/ဆက်)**
**ဓာတ်ပုံ – အောင်ပိုင်ပိုင်ကျော်**


နှီးဝါးဖြင့် အကြမ်းထည်ပြုလုပ်ထားမှု။

# မြန်မာနိုင်ငံအပေါ် ကိုလိုနီစနစ်၏ အကျိုးသက်ရောက်မှုများ

ကိုချင်း

**ကိုလိုနီစနစ်ဆိုသည်မှာ "control by one power over a dependent area or people" (လွတ်လပ်သောနယ်မြေ သို့မဟုတ် လူများအပေါ် အာဏာတစ်ခုက ထိန်းချုပ်ခြင်း) ဟု အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။ သမိုင်းအရ ရှေးဂရိ၊ ရှေးရောမ၊ ရှေးအီဂျစ်ခေတ်ကတည်းက စခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၁၈ ရာစုတွင် ဥရောပတိုက်၌ စက်မှုတော်လှန်ရေးစတင်ခဲ့ပြီး စက်မှုလက်မှု စတင်ထွန်းကားသည့်အချိန်တွင် ထွက်ကုန်ပစ္စည်းများသည် သုံးစွဲအားထက် ပိုမိုထုတ်လုပ်လျက်ရှိရာ ဈေးကွက်ရှာရန်လိုလာခြင်း၊ ကုန်ပစ္စည်းများပြုလုပ်ရန် ကုန်ကြမ်းများလိုလာခြင်းတို့ကြောင့် နယ်ချဲ့ရန်အကြောင်း ပေါ်ပေါက်ခဲ့ပါသည်။ ကုန်ပစ္စည်းအများဆုံးထုတ်လုပ်နိုင်ပြီး အင်အားနှင့် ပြည့်စုံသည့် ဥရောပနိုင်ငံတို့သည် နယ်မြေသစ်၊ ဒေသသစ်များကို ပိုင်ဆိုင်ရန် ပိုမိုကြိုးစားလာကြပါသည်။**

အိန္ဒိယနိုင်ငံဘက်တွင် ခြေကုပ်မိနေပြီဖြစ်သော နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏ အင်အားကို အစဉ်တစိုက်စောင့်ကြည့်၍ နယ်ချဲ့ရန် စိုင်းပြင်းလျက်ရှိကြပြီး စီးပွားရေးနယ်ချဲ့ရန် ကြိုးစားရင်းဖြင့် မြန်မာတို့နှင့် သုံးကြိမ်တိုင်တိုင် စစ်ပြုခဲ့ကြပါသည်။

ပထမ အင်္ဂလိပ် – မြန်မာ စစ်ပွဲ (၁၈၂၄–၁၈၂၆) ကို ဗြိတိသျှတို့စစ်နိုင်ခဲ့ပြီး စစ်ပြေငြိမ်းရေး ရန္တပိုစာချုပ် ချုပ်ဆိုခြင်းဖြင့် မြန်မာတို့၏ အာသံ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီဒေသများကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

၁၈၅၂ ခုနှစ်တွင် လော့ဒ်ဒါလ်ဟိုဆီသည် ရှေးကချုပ်ဆိုခဲ့သော စာချုပ်နှင့် ဆက်နွှယ်သည့် အသေးအမွှားအချက်အလက်များကို အကြောင်းပြု၍ ရေတပ်နှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရန် လှုံ့ဆော်ခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲဖြစ်ပွားခဲ့ကာ အောက်မြန်မာနိုင်ငံဟု ပြန်လည်အမည်ပေးခေါ်ဆိုသော ပဲခူးဒေသကို သိမ်းပိုက်ခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် ဧရာဝတီမြစ်တွင် ကုန်စည်ကူးသန်းသယ်ယူပို့ဆောင်ရင်းဖြင့် စီးပွားဖြစ်လာကြပြီး ဧရာဝတီမြစ်ရေလမ်းကြောင်းကြီးတစ်ခုလုံးကို ပိုင်စိုး၍ တရုတ်ပြည်ဈေးကွက်ကို ချဲ့ထွင်ရန် "ရွှေအိပ်မက်" ကို ကြံစည်အကောင်အထည်ဖော်ခဲ့ကြပြီး အထက်မြန်မာပြည်ကို သိမ်းပိုက်မည့် တတိယအင်္ဂလိပ် – မြန်မာစစ်ပွဲကို ရေကြောင်းစစ်ပွဲအဖြစ် ဖန်တီးခဲ့ကြပါသည်။

၁၈၈၅ ခုနှစ် တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးတွင် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိခဲ့ရပြီး ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်တွင် မြန်မာတို့၏ အရှင်နှစ်ပါး သီပေါမင်းနှင့် စုဖုရားလတ်တို့အား မန္တလေးရတနာပုံနေပြည်တော်မှ သူရိယသုံးထပ်မီးသင်္ဘောကြီးဖြင့် ဖမ်းဆီးခေါ်ဆောင်သွားပြီး အရှင်နှစ်ပါး ပါတော်မူခဲ့ကြကာ မြန်မာတို့ ထီးသုဉ်းနန်းသုဉ်း ဖြစ်ခဲ့ရပါသည်။

ဆီးဘန်းနီ ဆရာတော်၏ **"သေသော်မှတည့် ဩော်ကောင်း၏"** ကဗျာသည် ပါတော်မူခြင်းကြောင့် မြန်မာလူမျိုးတို့ကို သူ့ကျွန်ဖြစ်ရခြင်းထက် သေခြင်းကမြတ်သည်ဟု ဇာတိမာန်စိတ်၊ မျိုးချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်များဖြစ်ရန် ဆုံးမခဲ့ခြင်းဟု နားလည်ရပါသည်။ ဤနေ့ရောက်တိုင်း အောက်ပါကဗျာကို ပြန်လည်ရွတ်ဆိုနေမိပါသည်–

**ထီးသုဉ်း နန်းသုဉ်း၊**
**မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊**
**သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊**
**ဖြစ်လာရလေ၊ တို့တတွေသည်၊**
**သေသော်မှတည့် ဩော်ကောင်း၏။...**

အလားတူ ညောင်ကန်ဆရာတော်၏ **"ပညာသည်သာ အခရာ"** မြန်မာတို့ ကံ၊ ဉာဏ်၊ ဝီရိယ ချို့သည့်အပြင် **"ပျက်ကိန်းကျကာ၊ သုတပညာ အရှင်းကွာ"** သည့်အတွက် သူ့ကျွန်ဘဝ ရောက်ရကြောင်း ထောက်ပြသည့်အချက်ကို အကြိုက်ဆုံးဖြစ်ပါသည်။

ယခုအခါ ၁၃၈ နှစ် ပြည့်ပြီဖြစ်သော်လည်း ကိုလိုနီစနစ်၏ အကျိုးဆက်များ ခံစားနေရဆဲ ဖြစ်ပါသည်။ ဒီနှစ်ပတ်လည်နေ့တွင် ဆွေစဉ်မျိုးဆက် ခံစားနေရသည့် အမွေဆိုးများကို ပြန်ပြောင်းစဉ်းစားနေမိပါသည်။ ယနေ့ဖြစ်ပျက်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ဖြစ်စေသည့် အကြောင်းတရားများ၏ မြစ်ဖျားခံရာ အမွေဆိုးကြီးဖြစ်နေသည်ကို သဘောပေါက်ရန် လိုအပ်ပါသည်။



ရန်ကုန်စက်မှုတက္ကသိုလ်အား နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင် အုတ်မြစ်ချပေးနေစဉ်။

## မြန်မာနိုင်ငံအပေါ် ကိုလိုနီစနစ်၏ သက်ရောက်မှုများ

ကိုလိုနီစနစ်သည် မြန်မာနိုင်ငံအပေါ် သိသာထင်ရှားပြီး ရေရှည်တည်တံ့သည့် သက်ရောက်မှု ရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ဗြိတိသျှကိုလိုနီ လက်အောက်သို့ နှစ်ပေါင်း ၁၂၄ နှစ် ကျရောက်ခဲ့ပြီး ကိုလိုနီပြုသည့်ကာလသည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့အပေါ် များစွာသက်ရောက်မှုရှိခဲ့ပါသည်။ ဤသက်ရောက်မှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခင်းအကျင်းကို ပုံစံအမျိုးမျိုးဖြင့် ဆက်လက်ပုံဖော်နေပါသည်။

**နိုင်ငံရေးအရ အကွဲကွဲအပြားပြားဖြစ်ခြင်း။** မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီခေတ် မတိုင်မီက ပဒေသရာဇ်စနစ်ဖြင့် စုစည်းနေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေးသည် နိုင်ငံတွင်း မိရိုးဖလာအုပ်ချုပ်ရေးဖွဲ့စည်းပုံများကို ပြောင်းလဲစေသည့် ဗဟိုချုပ်ကိုင်အုပ်ချုပ်မှုစနစ်ကို ချမှတ်ခဲ့သည်။ ဤသို့ ဗဟိုချုပ်ကိုင်မှုဖြင့် အုပ်ချုပ်ခြင်းသည် နောက်ပိုင်းတွင် နိုင်ငံရေးမတည်ငြိမ်မှုများနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ပဋိပက္ခများကို ဖြစ်ပေါ်စေခဲ့ပါသည်။

**စီးပွားရေး အမြတ်ထုတ်ခြင်း။** ဗြိတိသျှသည် မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများ အထူးသဖြင့် ကြွယ်ဝသော ကျွန်းသစ်တောများ၊ ဓာတ်သတ္တုများနှင့် စိုက်ပျိုးရေးထွက်ကုန်များကို အသုံးချခဲ့ပါသည်။ စီးပွားရေးအရ အမြတ်ထုတ်ခြင်းကြောင့် သယံဇာတ ကုန်ခန်းခြင်းနှင့် စီးပွားရေးမညီမျှမှု၏ ဆိုးမွေများကို ချန်ထားခဲ့ပါသည်။

**လူမှုရေးနှင့် ယဉ်ကျေးမှု အပြောင်းအလဲများ။** ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုသည် မြန်မာနိုင်ငံတွင် လူမှုရေးနှင့် ယဉ်ကျေးမှုအပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့ပါသည်။ အနောက်တိုင်းပညာရေးနှင့် ခရစ်ယာန်သာသနာပြုလုပ်ငန်းများ ပျံ့နှံ့လာခြင်းကြောင့် ဘာသာရေးနှင့် ယဉ်ကျေးမှုအလေ့အထများ ပြောင်းလဲလာခဲ့သည်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးသည် အချို့သောလူမျိုးစုများကို အခြားသောလူမျိုးစုများထက် မျက်နှာသာပေးကာ ခွဲခြားအုပ်ချုပ်ခဲ့သဖြင့် ယနေ့အထိ ဆက်လက်ဖြစ်ပွားနေသော လူမျိုးရေးတင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။

**အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး။** ဗြိတိသျှတို့သည် ရထားလမ်းနှင့် ဆိပ်ကမ်းများကဲ့သို့သော အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံထားသော်လည်း ၎င်းတို့သည် အဓိကအားဖြင့် ကိုလိုနီခေတ်အုပ်ချုပ်မှုနှင့် အရင်းအမြစ်များ ထုတ်ယူခြင်းအတွက်သာ အကျိုးရှိစေပါသည်။

**ဘာသာစကားနှင့် ပညာရေး။** လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ အခြေခံပညာရေးကျောင်းများတွင် အင်္ဂလိပ်စာကို သင်ကြားပို့ချသည့် ကြားခံအဖြစ် မြှင့်တင်ခဲ့ပြီး မြန်မာဘာသာစကားနှင့် ယဉ်ကျေးမှုကို ဘေးဖယ်ထားခဲ့ပါသည်။ ဤဘာသာဗေဒအမွေအနှစ်သည် မြန်မာ့ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်းအပေါ် ဆက်လက်လွှမ်းမိုးနေပါသည်။

**ခွဲခြားအုပ်ချုပ်ခြင်း၏ အမွေအနှစ်။** ဗြိတိသျှတို့၏ ထိန်းသိမ်းချုပ်ကိုင်မှုသည် လူမျိုးရေးနှင့်ဘာသာရေး ကွဲပြားမှုများကို အသုံးချကာ သွေးခွဲအုပ်ချုပ်မှုနည်းဗျူဟာကို အသုံးပြုခဲ့သည်။ ဤနည်းပရိယာယ်သည် မြန်မာနိုင်ငံတည်ငြိမ်ရေးကို ဆက်လက်စိန်ခေါ်နေသည့် လူမျိုးရေးနှင့် ဘာသာရေး တင်းမာမှုများ၏ မျိုးစေ့များအဖြစ် ကြဲချခဲ့ပါသည်။

**နိုင်ငံရေးသတိရှိမှု။** ကိုလိုနီစနစ်၏ အတွေ့အကြုံများသည် မြန်မာ့နိုင်ငံရေး ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဗြိတိသျှအုပ်ချုပ်မှုမှ လွတ်လပ်ရေးကြိုးပမ်းမှုသည် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အမျိုးသားရေး ခေါင်းဆောင်များ ပေါ်ထွန်းလာခဲ့ပါသည်။

**အာဏာရှင်စနစ်၏ အမွေအနှစ်။** ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အစိုးရများ ဆက်လက်ကျင့်သုံးခဲ့သည့် ဗဟိုချုပ်ကိုင်မှုနှင့် အာဏာရှင် အုပ်ချုပ်ရေးစနစ်၏နောက်တွင် ကျန်ရစ်ခဲ့သည်။ ဤစနစ်သည် နိုင်ငံအတွင်း နိုင်ငံရေး မတည်ငြိမ်မှုများကို အထောက်အကူဖြစ်စေသည်။

**စီးပွားရေး မှီခိုမှု။** ကိုလိုနီခေတ်စီးပွားရေးမူဝါဒများသည် လူအနည်းငယ်၏ လက်ထဲသို့ ကြွယ်ဝမှုနှင့် အာဏာများ စုစည်းဦးတည်သွားလေ့ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အရင်းအမြစ်များ ခွဲဝေမှုကို ဆက်လက်ထိခိုက်စေသည့် ပုံစံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းသည် ရှုပ်ထွေးပြီး ကိုလိုနီအမွေအနှစ်သည် ခေတ်မီသော လမ်းကြောင်းကို ပုံဖော်ခဲ့သော များစွာသောအကြောင်းရင်းများထဲမှ တစ်ခုသာဖြစ်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ ကိုလိုနီစနစ်၏ အကျိုးသက်ရောက်မှုများသည် နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးများတွင် ဆက်လက်လှုပ်ခတ်မှုများရှိနေပြီး ရှုပ်ထွေးကာ စိန်ခေါ်မှုရှိသော အခင်းအကျင်းကို ဖန်တီးရန် အခြားသော သမိုင်းဆိုင်ရာများ၊ ခေတ်ပြိုင်အချက်များနှင့် အပြန်အလှန် တုံ့ပြန်လေ့ရှိပါသည်။

*စာမျက်နှာ ၇ သို့*

❖ **နယ်ချဲ့အင်္ဂလိပ်တို့သည် ဧရာဝတီမြစ်တွင် ကုန်စည်ကူးသန်းသယ်ယူပို့ဆောင်ရင်းဖြင့် စီးပွားဖြစ်လာကြပြီး ဧရာဝတီမြစ်ရေလမ်းကြောင်းကြီးတစ်ခုလုံးကို ပိုင်စိုး၍ တရုတ်ပြည်ဈေးကွက်ကို ချဲ့ထွင်ရန် "ရွှေအိပ်မက်" ကို ကြံစည်အကောင်အထည်ဖော်ခဲ့ကြပြီး အထက်မြန်မာပြည်ကို သိမ်းပိုက်မည့် တတိယအင်္ဂလိပ် - မြန်မာစစ်ပွဲကို ရေကြောင်းစစ်ပွဲအဖြစ် ဖန်တီးခဲ့ကြပါသည်**

❖ **ဆီးဘန်းနီ ဆရာတော်၏ "သေသော်မှတည့် ဩော်ကောင်း၏" ကဗျာသည် ပါတော်မူခြင်းကြောင့် မြန်မာလူမျိုးတို့ကို သူ့ကျွန်ဖြစ်ရခြင်းထက် သေခြင်းကမြတ်သည်ဟု ဇာတိမာန်စိတ်၊ မျိုးချစ်စိတ်၊ သူ့ကျွန်မခံလိုစိတ်များဖြစ်ရန် ဆုံးမ**

*စာမျက်နှာ ၆ မှ*

## မြန်မာ့စီးပွားရေးအပေါ် ကိုလိုနီစနစ်၏ သက်ရောက်မှုများ

ကိုလိုနီစနစ်သည် မြန်မာ့စီးပွားရေးအပေါ်တွင် သိသိသာသာတည်တံ့နေပါသည်။ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ကြာမြင့်ခဲ့သော ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုကာလအတွင်း မြန်မာ့စီးပွားရေးအသွင်သဏ္ဍာန်သည် ယနေ့နိုင်ငံ၏ စီးပွားရေးအခြေအနေကို ဆက်လက်လွှမ်းမိုးနေသည့် နည်းလမ်းများဖြင့် အသွင်ပြောင်းခဲ့သည်။ အောက်ပါတို့မှာ မြန်မာ့စီးပွားရေးအပေါ် ကိုလိုနီနယ်ချဲ့စနစ်၏ အဓိက သက်ရောက်မှုအချို့ဖြစ်ပါသည်-

**သယံဇာတ ထုတ်ယူခြင်း။** ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးသည် ကျွန်းသစ်၊ ဓာတ်သတ္တုနှင့် စိုက်ပျိုးရေးထွက်ကုန်များ အပါအဝင် မြန်မာနိုင်ငံ၏ ကြွယ်ဝသော သဘာဝသယံဇာတများကို အသုံးချခဲ့သည်။ အဆိုပါ အရင်းအမြစ်များကို ကိုလိုနီအာဏာ၏ အကျိုးစီးပွားအတွက် အဓိကထုတ်ယူခဲ့ပြီး အရင်းအမြစ်များ ယုတ်လျော့မှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုတို့ကို ဖြစ်စေခဲ့ပါသည်။ သယံဇာတ ထုတ်ယူမှုသည် ဗြိတိသျှတို့အတွက် ဝင်ငွေများ ထုတ်ပေးနေသော်လည်း ဒေသခံလူထုကို ဆင်းရဲမွဲတေစေခဲ့ပါသည်။

**ပို့ကုန်ကို ဦးတည်သော စီးပွားရေး။** ကိုလိုနီ အုပ်ချုပ်မှုအောက်တွင် မြန်မာ့စီးပွားရေးသည် ကမ္ဘာ့ဈေးကွက်သို့ ဆန်၊ ကျွန်းနှင့် ဓာတ်သတ္တုများကဲ့သို့သော အဓိကကုန်ပစ္စည်းများ တင်ပို့ခြင်းအပေါ် ကြီးမားစွာမှီခိုလာခဲ့သည်။ ပို့ကုန်ဦးတည်သော မြန်မာ့စီးပွားရေးဖွဲ့စည်းပုံသည် နိုင်ငံတကာ ကုန်ပစ္စည်းဈေးနှုန်းများ အတက်အကျပေါ်လိုက်ပြီး ပြောင်းလဲနေသဖြင့် အားနည်းစေခဲ့ပါသည်။

**မြေယာပိုင်ဆိုင်ခွင့်နှင့် မြေယာအသုံးပြုမှု။** ဗြိတိသျှတို့သည် မြေယာပိုင်ဆိုင်ခွင့်ပုံစံများကို ပြောင်းလဲစေသော မြေယာပြုပြင်ပြောင်းလဲမှုများကို မိတ်ဆက်ပေးခဲ့ပါသည်။ မိရိုးဖလာ မြေယာပိုင်ဆိုင်သူအများအပြားသည် ၎င်းတို့၏ မြေယာများကို ဆုံးရှုံးခဲ့ကြပြီး နိုင်ငံခြားသားများက ကြီးမားသော မြေယာပိုင်ဆိုင်မှုများ ဖြစ်ပေါ်လာကြပါသည်။ မြေယာပိုင်ဆိုင်ခွင့်ပမာဏသည် မြန်မာနိုင်ငံတွင် စီးပွားရေးမညီမျှမှုနှင့် လူမှုရေးတင်းမာမှုများ၏ အရင်းအမြစ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

**အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး။** ဗြိတိသျှတို့သည် အရင်းအမြစ်များ ထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရန် အဓိကအားဖြင့် မီးရထားနှင့် ဆိပ်ကမ်းများကဲ့သို့သော အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးကို အကျိုးပြုသည့် ဤအခြေခံ အဆောက်အအုံစီမံကိန်းများသည် ပိုမိုကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များအပါအဝင် အပြုသဘောဆောင်သော စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများလည်း ရှိခဲ့ပါသည်။

**အခွန်နှင့် အမြတ်တော်ခွန်ကောက်ခံခြင်း။** ဗြိတိသျှသည် ဒေသခံလူထုကို ကြီးစွာသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အခွန်စနစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ပြီး မြန်မာအများအပြားအတွက် စီးပွားရေးအခက်အခဲများ ဖြစ်စေခဲ့ပါသည်။ ဤစနစ်သည် ကိုလိုနီခေတ်အုပ်ချုပ်မှုနှင့် သယံဇာတထုတ်ယူမှုကို ငွေကြေးထောက်ပံ့ရန် ရေးဆွဲထားပါသည်။

**ဝင်ငွေရှာဖွေခြင်းနှင့် ငွေရေးကြေးရေးစနစ်။** ကိုလိုနီခေတ်အုပ်ချုပ်မှုသည် ခေတ်မီငွေကြေးစနစ်နှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများကို မိတ်ဆက်ပေးခဲ့ပါသည်။ ယင်းက ကုန်သွယ်မှုနှင့် စီးပွားရေးအပြန်အလှန် ချိတ်ဆက်မှုကို ချောမွေ့စေပြီး ၎င်းသည် စီးပွားရေး၏ ဝင်ငွေရှာဖွေခြင်းကို အထောက်အကူဖြစ်စေ၍ မိရိုးဖလာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလေ့အထများကို အနှောင့်အယှက်ဖြစ်စေပါသည်။



၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ သီပေါမင်းပါတော်မူပုံ(မန္တလေးဂေါဝိန်ဆိပ်ကမ်း)။

**စက်မှုထွန်းကားရေးနှင့် အလုပ်သမား အလေ့အထများ။** ဗြိတိသျှတို့သည် မြန်မာနိုင်ငံရှိ ဒေသအချို့ဖြစ်သည့် အထူးသဖြင့် တောင်ပိုင်းတွင် စက်မှုထွန်းကားရေးကို မြှင့်တင်ခဲ့သည်။ ယင်းကြောင့် ကျေးလက်ဒေသများမှ အလုပ်သမားများကို မြို့ပြနှင့် စက်မှုဇုန်များသို့ ရွှေ့ပြောင်းစေကာ မြို့ပြအသွင်ကူးပြောင်းမှုနှင့် လုပ်သားဈေးကွက်များကို ပုံဖော်ပေးခဲ့ပါသည်။

**စီးပွားရေး မှီခိုမှု။** ကိုလိုနီအုပ်ချုပ်စဉ်ကာလက မြန်မာ့စီးပွားရေး အသွင်သဏ္ဍာန်သည် ပြင်ပဈေးကွက်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် မှီခိုလာခဲ့သည်။ ပြင်ပအင်အားစုများအပေါ် မှီခိုအားထားမှုသည် နိုင်ငံ၏ စီးပွားရေးအပေါ် အားနည်းချက်များ သက်ရောက်မှု ရှည်ကြာခဲ့ပါသည်။

**စီးပွားရေးမညီမျှမှု၏ အမွေအနှစ်။** ကိုလိုနီ အုပ်ချုပ်စဉ်အတွင်း ကျင့်သုံးခဲ့သော စီးပွားရေးမူဝါဒများသည် ခနဉ္စစ္စာနှင့် ဝင်ငွေခွဲဝေမှုတွင် သိသာထင်ရှားသော ကွာဟမှုကို ဖြစ်ပေါ်စေခဲ့ပြီး အချို့သော တိုင်းရင်းသားအုပ်စုများနှင့် ဒေသများသည် အခြားအုပ်စု၊ ဒေသများထက် ပိုမိုအကျိုး ဖြစ်ထွန်းစေခဲ့ပါသည်။ ဤမတူညီမှုများသည် ခေတ်ပြိုင်မြန်မာနိုင်ငံတွင် ရှိနေသေးပါသည်။

မြန်မာ့စီးပွားရေးသည် သမိုင်း၊ နိုင်ငံရေးနှင့် လူမှုရေးအချက်များ အပြန်အလှန်ဆက်စပ်မှုဖြင့် ပုံဖော်ထားသည်ကို သတိပြုရန် အရေးကြီးပါသည်။ ကိုလိုနီစနစ်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးခဲ့သော အချက်များထဲမှ အချက်တစ်ချက်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံ ရင်ဆိုင်နေရသော စီးပွားရေးစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသည် သမိုင်းဝင် အမွေအနှစ်များ၊ နိုင်ငံရေးဆုံးဖြတ်ချက်များနှင့် ကမ္ဘာ့စီးပွားရေးအင်အားစုများ ပေါင်းစပ်မှု၏ ရလဒ်ဖြစ်ပါသည်။

## မြန်မာ့စက်မှုလုပ်ငန်းအပေါ် ကိုလိုနီနယ်ချဲ့ဝါဒ၏ သက်ရောက်မှုများ

ကိုလိုနီစနစ်သည် မြန်မာနိုင်ငံ၏ စက်မှုထွန်းကားမှုအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့ပါသည်။ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ကြာမြင့်ခဲ့သော ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် စက်မှုထွန်းကားရေးကို ထိခိုက်စေသည့် နည်းလမ်းများစွာဖြင့် ပြောင်းလဲခဲ့ပါသည်။

**သယံဇာတထုတ်ယူရေး အာရုံစူးစိုက်မှု။** ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးသည် ကျွန်းသစ်၊ ဓာတ်သတ္တုနှင့် စိုက်ပျိုးရေးထွက်ကုန်များကဲ့သို့သော မြန်မာ့သဘာဝ သယံဇာတများ ထုတ်ယူခြင်းကို အဓိက အာရုံစိုက်ခဲ့သည်။ သယံဇာတဖြင့် မောင်းနှင်သော စီးပွားရေးပုံစံသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားမပေးခဲ့ပါ။ ယင်းအစား ကုန်ကြမ်းထုတ်ယူခြင်းနှင့် တင်ပို့ခြင်း စီးပွားရေးလုပ်ငန်းများကိုသာ အာရုံစူးစိုက်မှုဖြစ်စေခဲ့ပါသည်။

**အကန့်အသတ်ဖြင့် စက်မှုထွန်းကားခြင်း။** ရန်ကုန်နှင့် မန္တလေးကဲ့သို့ မြို့ပြဒေသအချို့တွင် စက်မှုထွန်းကားရေးမြှင့်တင်ရန် ကြိုးပမ်းမှုအချို့ ရှိခဲ့သော်လည်း အဆိုပါစီမံချက်များသည် ကိုလိုနီခေတ်အုပ်ချုပ်မှု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး သယံဇာတထုတ်ယူမှုကို ပံ့ပိုးပေးသည့် ဝန်းကျင်တွင် အဓိကထား လုပ်ဆောင်လေ့ရှိပါသည်။ အခြေခံစက်မှုဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးသည့် စက်မှုလုပ်ငန်းများ တည်ထောင်ပေးရမည့်အစား အထည်အလိပ်၊ သတ္တုတူးဖော်ရေးနှင့် လယ်ယာထွက်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်းကဲ့သို့သော ကိုလိုနီခေတ် အကျိုးစီးပွားကို ဖော်ဆောင်သည့် စက်မှုလုပ်ငန်းများကိုသာ တည်ထောင်ခဲ့ပါသည်။

**အလုပ်သမားတိုးတက်ပြောင်းလဲမှု။** ကိုလိုနီ အုပ်ချုပ်စဉ်အတွင်း စက်မှုအသွင်ကူးပြောင်းရေး ကြိုးပမ်းမှုများသည် ကျေးလက်ဒေသများမှ အလုပ်သမားများကို မြို့ပြနှင့် စက်မှုဇုန်များသို့ ရွှေ့ပြောင်းစေခဲ့ပါသည်။ လူများသည် မိရိုးဖလာ အသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေးမှ ဝေးကွာသော စက်ရုံများနှင့် အခြားစက်မှုလုပ်ငန်းများတွင် လုပ်အားခအရ ပြောင်းရွှေ့လာခြင်းကြောင့် မြို့ပြအသွင်ကူးပြောင်းမှု ခေတ်ရေစီးကြောင်းနှင့် အလုပ်သမားဆိုင်ရာ အလေ့အထများ ပြောင်းလဲလာမှုတို့ကို ဖြစ်စေခဲ့ပါသည်။

**အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး။** ဗြိတိသျှတို့သည် ပို့ကုန်ကုန်ကြမ်းများ အပါအဝင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ရထားလမ်းနှင့် ဆိပ်ကမ်းများ အပါအဝင် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။ ဤအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်စည်နှင့် လူများ သွားလာမှုအပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိခဲ့သော်လည်း ၎င်းတို့သည် ပိုမိုကျယ်ပြန့်သော စက်မှုထွန်းကားရေးကို မြှင့်တင်မည့်အစား ကိုလိုနီခေတ်စီးပွားရေးကို ပံ့ပိုးကူညီရန် အဓိကဦးတည်ထားခြင်းဖြစ်ပါသည်။

**စီးပွားရေး မှီခိုမှု။** မြန်မာနိုင်ငံသည် ကိုလိုနီ အုပ်ချုပ်စဉ်ကာလက ပြင်ပဈေးကွက်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် အလွန်အမင်း မှီခိုလာခဲ့သည်။ ဤမှီခိုအားထားမှုသည် နိုင်ငံ၏ စက်မှုကဏ္ဍကို အမှီအခိုကင်းစွာနှင့် ကိုယ်ပိုင်သတ်မှတ်ချက်များပေါ်တွင် ရပ်တည်နိုင်မှုကို ကန့်သတ်ထားပါသည်။ မြန်မာ့စက်မှုလက်မှုလုပ်ငန်းကို စေ့စေ့စပ်စပ် ရည်ရွယ်ချက်ရှိရှိနှင့် စီစဉ်ရေးဆွဲထားသော စက်မှုဗျူဟာထက် ကမ္ဘာ့ဈေးကွက်၏ တောင်းဆိုမှုများကိုသာ မကြာခဏ တွန်းအားပေးခဲ့ပါသည်။

**မညီမျှမှု၏ အမွေအနှစ်။** ကိုလိုနီနယ်ချဲ့စနစ်အတွင်း ကျင့်သုံးခဲ့သော စီးပွားရေးမူဝါဒများသည် ခနဉ္စစ္စာနှင့် ဝင်ငွေခွဲဝေမှုတွင် သိသာထင်ရှားသော ကွာဟချက်များ ဖြစ်စေခဲ့ပါသည်။ အချို့သောဒေသများနှင့် လူမျိုးစုများသည် အခြားဒေသများထက် စက်မှုထွန်းကားရေး အစပျိုးမှုများမှ အကျိုးအမြတ်များ ပိုမိုရရှိခဲ့ကြပြီး စီးပွားရေးမညီမျှမှုများ ရေရှည်ဖြစ်ပေါ်မှုသည် တိုင်းပြည်ကို ဆက်လက်အကျိုးသက်ရောက်စေခဲ့ပါသည်။

ကိုလိုနီအုပ်ချုပ်စဉ်ကာလက စက်မှုထွန်းကားမှုမှာ အကန့်အသတ်ရှိပြီး မကြာခဏဆိုသလို မြန်မာ့စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးထက် ကိုလိုနီ အုပ်ချုပ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးခဲ့ကြောင်း သတိပြုရန် အရေးကြီးပါသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံသည် ပိုမိုကွဲပြားပြီး ရပ်တည်နိုင်သော စက်မှုအခြေခံတည်ဆောက်ရေး စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း ဆယ်စုနှစ်များစွာ ပြည်တွင်းငြိမ်းချမ်းရေး၊ အချုပ်အခြာအာဏာတည်တံ့ရေးကို ကြိုးပမ်းမှုများနှင့် နိုင်ငံတကာ အထီးကျန်မှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အမျိုးမျိုးသော အကြောင်းရင်းများဖြင့် ကိုလိုနီခေတ်လွန်ကာလတွင် နိုင်ငံ၏ စက်မှုထွန်းကားရေး ကြိုးပမ်းမှုများကို ဆက်လက်ပုံဖော်ခဲ့ပါသည်။

## မြန်မာ့ပညာရေးစနစ်အပေါ် ကိုလိုနီစနစ်၏ သက်ရောက်မှုများ

ကိုလိုနီနယ်ချဲ့ဝါဒသည် ပညာရေးစနစ်၏ ကဏ္ဍအားလုံးအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့ကာ ယနေ့မြန်မာနိုင်ငံ၏ ပညာရေးကို ဆက်လက်လွှမ်းမိုးနေပြီး ပုံစံအမျိုးမျိုးဖြင့် ပုံဖော်ခဲ့ပါသည်။ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ကြာမြင့်ခဲ့သော ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအတွင်း ပညာရေးစနစ်သည် ကိုလိုနီခေတ် ဦးစားပေးများနှင့်အညီ ပြောင်းလဲခဲ့ပြီး မြန်မာနိုင်ငံရှိ TVET ကဏ္ဍ၊ အသက်မွေးဝမ်းကျောင်း ပညာရေးကဏ္ဍတို့သည်လည်း ပညာရေးစနစ်၏ အခြားကဏ္ဍများကဲ့သို့ပင် ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန်ကာလများတွင် နောက်ဆက်တွဲစိန်ခေါ်မှုများအား သိသိသာသာ ကြုံတွေ့ခဲ့ရပါသည်။

**အနောက်တိုင်းပညာရေးစနစ်နှင့် မိတ်ဆက်ခြင်း။** ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံပညာရေးစနစ်အား အနောက်တိုင်းအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ဆောင်ခဲ့ပြီး အနောက်တိုင်းပုံစံပညာရေးကို မိတ်ဆက်ပေးခဲ့သည်။ အင်္ဂလိပ်စာသည် ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများတွင် သင်ကြားပို့ချသည့် ကြားခံဖြစ်လာပြီး အုပ်ချုပ်ရေး ဘာသာစကားအဖြစ် မြှင့်တင်ခဲ့သည်။ ယင်းကြောင့် မိရိုးဖလာ ပညာရေးစနစ်နှင့် ဘာသာစကားများ ဝေးကွာသွားစေခဲ့ပြီး မြန်မာကျောင်းသားများအနေဖြင့် ဘာသာစကားအခက်အခဲများကြောင့် TVET၊ အသက်မွေးဝမ်းကျောင်းပညာရေးတို့ကို လေ့လာလိုက်စားရန် အခွင့်အလမ်း နည်းပါးခဲ့ပါသည်။

**သာသနာပြုလုပ်ငန်းများ၏ လွှမ်းမိုးမှု။** ကိုလိုနီ အုပ်ချုပ်ရေးကာလအတွင်း ခရစ်ယာန် သာသနာပြုလုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်းပညာ အပါအဝင် ပညာရေးစနစ်များကို ပုံဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ သာသနာပြုအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောင်းများနှင့် ကောလိပ်များကို တည်ထောင်ခဲ့ပြီး ၎င်းတို့၏ ဩဇာအာဏာသည် ဆေးနှင့် ပညာရေးကဲ့သို့သော နယ်ပယ်များအထိသို့ ပျံ့နှံ့သွားခဲ့ပါသည်။ မြန်မာကျောင်းသားအချို့သည် အဆိုပါကျောင်းများတွင် ပညာသင်ကြားခွင့်ရရှိခဲ့ကြပြီး *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၎င်းက ခရစ်ယာန်ဘာသာပြန့်ပွားမှုနှင့် ပညာရေးစနစ်တွင် အနောက်တိုင်းယုံကြည်မှုများ လွှမ်းမိုးမှုကို ဖြစ်စေခဲ့ပါသည်။

**အထက်တန်းစားပညာရေး။** ကိုလိုနီခေတ် ပညာရေးစနစ်သည် အထက်တန်းစားများနှင့် မြို့ပြနေပြည်သူများအတွက် အဓိကပံ့ပိုးပေးသည်။ ကိုလိုနီခေတ်ပညာရေးစနစ်သည် မြို့ပြဒေသများအပေါ် အဓိကအာရုံစိုက်ထားသောကြောင့် TVET အခွင့်အလမ်းများသည် မြို့ကြီးများနှင့် မြို့များတွင်သာ ပိုမိုလွယ်ကူစွာရရှိနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာရေးကို သင်ကြားခွင့်ကိုလည်း မကြာခဏဆိုသလို ကန့်သတ်ထားပြီး မြို့ပြအထက်တန်းလွှာများအတွက်သာ အဆင့်မြင့်ပညာရေးကို ဆည်းပူးနိုင်ပါသည်။ ဤသည်မှာ လူဦးရေအများစုဖြစ်သည့် အထူးသဖြင့် ကျေးလက်ဒေသများအား ပညာသင်ကြားခွင့်ကို ကန့်သတ်ထားခြင်းပင် ဖြစ်ပါသည်။

**မြန်မာဘာသာစကား၊ ယဉ်ကျေးမှုများနှင့် ပေါင်းစပ်မှုမရှိခြင်း။** မြန်မာ့ယဉ်ကျေးမှုနှင့် မိရိုးဖလာ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို ကိုလိုနီပညာရေးစနစ်က ဘေးဖယ်ထားခဲ့ကာ အနောက်တိုင်းပညာရေးကို အလေးထားခြင်းသည် မြန်မာဘာသာစကားနှင့် ယဉ်ကျေးမှုကို ဘေးဖယ်ထားခြင်းဖြစ်ပါသည်။ ပညာရေးစနစ်နှင့် ဒေသယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအကြား အဆက်အသွယ်ပြတ်တောက်သွားစေပြီး ရိုးရာပညာရေးအလေ့အကျင့်များနှင့် အသိပညာစနစ်များ တန်ဖိုးကျသွားစေခဲ့ပါသည်။ မိရိုးဖလာကျွမ်းကျင်မှု၊ ရိုးရာအသိပညာနှင့် အလေ့အကျင့်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် ရေရှည်အကျိုးဆက်များဖြစ်ပေါ်ခဲ့ပါသည်။

**သင်ရိုးညွှန်းတမ်းအလေးပေးမှု။** ကိုလိုနီအုပ်ချုပ်စဉ်ကာလက မိတ်ဆက်ခဲ့သော သင်ရိုးညွှန်းတမ်းသည် ဗြိတိသျှတန်ဖိုးများနှင့် ဘာသာရပ်များဆီသို့ ဦးတည်ခဲ့ပါသည်။ TVET တွင် အသုံးပြုသည့် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေးပစ္စည်းများကို ကိုလိုနီခေတ်အုပ်ချုပ်ရေးနှင့် ကိုလိုနီအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးသည့် စက်မှုလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ရေးဆွဲထားခဲ့သဖြင့် ဒေသတွင်းစီးပွားရေး၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိခဲ့ပါ။ ဆေးပညာ၊ ဥပဒေနှင့်အင်ဂျင်နီယာစသည့် အသက်မွေးဝမ်းကျောင်းပညာရေးနယ်ပယ်များ၏ သင်ရိုးညွှန်းတမ်းများကိုလည်း ဗြိတိသျှစံနှုန်းများနှင့် အလေ့အကျင့်များအတိုင်း ဖြစ်စေခဲ့ပါသည်။ ဆိုလိုသည်မှာ ခေတ်မီတိုးတက်ရေးအတွက် အပြုသဘောဆောင်သော အပြောင်းအလဲအချို့ကို ယူဆောင်လာသော်လည်း ပညာရေးစနစ်သည် ကိုလိုနီခေတ် ဦးစားပေးများဖြင့် ပုံဖော်ထားပြီး မြန်မာလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းမျိုးမဟုတ်ဘဲ ပညာရေးနှင့် လေ့ကျင့်ရေး ထောက်ပံ့မှုများသည် နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် စီးပွားရေးအခြေအနေတို့၏ သီးခြားလိုအပ်ချက်နှင့် မကိုက်ညီသည့် ဗြိတိသျှပုံစံများကိုသာ လိုက်နာခဲ့ပါသည်။

**လူမျိုးစုနှင့် ကျားမ ခွဲခြားမှုများ။** ကိုလိုနီအုပ်ချုပ်စဉ်ကာလအတွင်း ပညာရေးတွင် ကျားမခွဲခြားမှုများ ထင်ရှားပေါ်လွင်ခဲ့ပြီး ယောကျ်ားလေးများသည် မိန်းကလေးများထက် ပညာသင်ကြားခွင့် ပိုမိုရရှိကြကာ အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်ရရှိရေးတွင်လည်း ကိုလိုနီခေတ်မူဝါဒများသည် လူမျိုးရေးနှင့် ကျားမ ခွဲခြားမှုများ ပါဝင်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူနည်းစုများနှင့် အမျိုးသမီးများသည် အဆိုပါအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ လုပ်ကိုင်ရာတွင် နောက်ထပ်အတားအဆီးများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ လွတ်လပ်ရေးရပြီးနှစ်အတော်ကြာသည်အထိ ပညာရေးအခွင့်အလမ်းများ၌ ဤခွဲခြားမှုများမှာ တည်ရှိနေခဲ့ပါသည်။

**ဗဟိုချုပ်ကိုင်မှု၏ အမွေအနှစ်။** ကိုလိုနီခေတ် အုပ်ချုပ်ရေးသည် ပညာရေးအား ဗဟိုမှ ချုပ်ကိုင်ထားပြီး သင်ရိုးညွှန်းတမ်းနှင့် ပညာရေးမူဝါဒများကို ပုံဖော်ရန် အာဏာရှိပါသည်။ ယင်းဗဟိုချုပ်ကိုင်အုပ်ချုပ်ရေးသည် မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်း အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအပေါ် သက်ရောက်မှုများရှိခဲ့ပြီး ဤနယ်ပယ်များရှိ ဖွဲ့စည်းပုံနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များအပေါ် များစွာလွှမ်းမိုးခဲ့သဖြင့် ဗဟိုချုပ်ကိုင်မှု၏ အမွေအနှစ်သည် လွတ်လပ်သော မြန်မာနိုင်ငံတွင် ပညာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် သက်ရောက်မှုများ ရှိခဲ့ပါသည်။

**ကျွမ်းကျင်မှုကွာဟချက်များ။** ကိုလိုနီခေတ်အတွင်း TVET နှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို အလေးပေးမှုမရှိခြင်းက နိုင်ငံအတွင်း ကျွမ်းကျင်မှုကွာဟချက်ကို ဖြစ်စေခဲ့ပါသည်။ မိရိုးဖလာ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအများအပြား တန်ဖိုးပြတ်တောက်ခဲ့ပြီး စက်မှုလုပ်ငန်းနှင့် ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်လုပ်သားများ ရှားပါးလာခဲ့သည်။

**အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု။** ကိုလိုနီအုပ်ချုပ်စဉ်အတွင်း ပညာရေးအခြေခံ အဆောက်အအုံနှင့် အခြားအထောက်အကူပြုအရာများတွင် ရင်းနှီးမြှုပ်နှံမှုများသည် အကန့်အသတ်ဖြင့်သာ ရှိခဲ့ပါသည်။ ဆေးရုံများနှင့် အင်ဂျင်နီယာစီမံကိန်းများကဲ့သို့သော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသော်လည်း ၎င်းတို့သည် နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးထက် ကိုလိုနီအုပ်ချုပ်မှု၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ပေးခဲ့ပါသည်။ ဤသို့ပညာရေး ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းသည် နိုင်ငံအတွင်း ခိုင်မာသောပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတား ဖြစ်စေခဲ့ပါသည်။

**ကိုလိုနီခေတ် ဥပဒေများနှင့် တရားရေးစနစ်များ၏ အမွေအနှစ်။** တရားရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် လွတ်လပ်ရေးရပြီးသည့်တိုင် ကိုလိုနီခေတ်ဥပဒေများနှင့် တရားရေးစနစ်များမှ တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံးများနှင့် တရားစီရင်ရေးစနစ်ကို ဆက်လက်ပုံဖော်ခဲ့ကြပြီး ကြီးကြီးမားမားလွှမ်းမိုးထားခဲ့သည်။ တရားရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် ကိုလိုနီခေတ်အမွေဖြစ်သော ဥပဒေပုံစံများ၊ ကျင့်ထုံးများနှင့် လုံးထွေးနေခဲ့ပါသည်။

**ပညာရေး မညီမျှမှု၏ အမွေအနှစ်။** ကိုလိုနီခေတ် ပညာရေးစနစ်သည် ပညာရေးအခွင့် အလမ်းများနှင့် ရလဒ်များ ကွာဟမှုကို ဖြစ်ပေါ်စေပြီး မြို့ပြနေလူတန်းစားများသည် အနောက်တိုင်းပုံစံပညာရေးကို လက်ခံရရှိကြကာ ကျေးလက်နေပြည်သူများသည် အရည်အသွေးပြည့်မီသော ပညာရေးကို လက်လှမ်းမီရန် ကန့်သတ်ထားပါသည်။ ကိုလိုနီအုပ်ချုပ်မှုအတွင်း ပိုမိုဆိုးရွားလာခဲ့သည့် ပညာရေးဆိုင်ရာ မညီမျှမှုများသည် TVET ကဏ္ဍကိုလည်း ထိခိုက်ခဲ့ပြီး လူမှုစီးပွားနှင့် ပထဝီဝင် မညီမျှမှုများ ဆက်လက်ရှိနေသဖြင့် အရည်အသွေးပြည့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ကန့်သတ်ထားပါသည်။ ဤကွာဟချက်များသည် မြန်မာ့ပညာရေးစနစ်တွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာကို ထင်ဟပ်စေရန် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာ၌ နိုင်ငံရေးမတည်ငြိမ်မှုများ၊ လူမျိုးရေးပဋိပက္ခများနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများသည် အခြေခံပညာရေး၊ TVET ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာစနစ်များအား ပြုပြင်ပြောင်းလဲရန်၊ အခွင့်အလမ်းများကို ခေတ်မီစေရန်နှင့် ချဲ့ထွင်ရန် ကြိုးပမ်းမှုများတွင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း KG +9 TVET ပရိုဂရမ်များကို ပြန်လည်မွမ်းမံပြင်ဆင်ရန်၊ အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့် တိုးတက်ပြောင်းလဲနေသော အလုပ်အကိုင်ဈေးကွက်၏ လိုအပ်ချက်များနှင့်အညီ လေ့ကျင့်သင်ကြားမှုများကို ချိန်ညှိရန် အစပျိုးမှုများသည် အမှန်လိုအပ်ချက်အား ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ပညာရေးစနစ်အပေါ် ကိုလိုနီစနစ်၏ အကျိုးသက်ရောက်မှုများဖြစ်သည့် သမိုင်းတစ်လျှောက်ခွဲခြားမှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ ပညာရေးကို ဒေသလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်ရန်၊ မိခင်ဘာသာစကားပညာရေးကို မြှင့်တင်ရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် မတူကွဲပြားမှုနှင့် အားလုံးပါဝင်မှုကို မြှင့်တင်ပေးရန်၊ ရိုးရာအတတ်ပညာများကို ခေတ်မီအသက်မွေးဝမ်းကျောင်းသင်တန်းများနှင့်အတူ ပေါင်းစည်းကာ လျင်မြန်စွာ ပြောင်းလဲနေသော စီးပွားရေးနှင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရေးကြီးပါသည်။

ကိုလိုနီခေတ်လွန်ကာလတွင် အသက်မွေးဝမ်းကျောင်းပညာရေးကို အမျိုးသား ဦးစားပေးများနှင့် ချိန်ညှိကာ အဆိုပါနယ်ပယ်များသို့ ဝင်ရောက်နိုင်မှုကို တိုးချဲ့ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း နိုင်ငံရေးမတည်ငြိမ်မှုများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် မြန်မာ့သမိုင်းတွင် အမျိုးမျိုးသော နိုင်ငံတကာအသိုက်အဝန်းမှ အထီးကျန်နေခြင်းတို့သည် ယင်းကြိုးပမ်းအားထုတ်မှုအတွက် အတားအဆီးများ ရှိနေပါသည်။ မြန်မာနိုင်ငံသည် ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲရန်နှင့် ချဲ့ထွင်ရန် ကြိုးပမ်းမှုတွင် ကိုလိုနီစနစ်၏ အမွေအနှစ်များနှင့် လုံးထွေးနေပြီး ကိုလိုနီစနစ်၏ သက်ရောက်မှုများသည် မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးမှုများတွင် အချက်တစ်ချက် ဖြစ်ပါသည်။

မြန်မာနိုင်ငံအပေါ် ကိုလိုနီစနစ်၏ သက်ရောက်မှုများကို ပြန်လည်သုံးသပ်ရာတွင် အထက်ပါအတိုင်း ရင်နင့်ဖွယ်ရာ တွေ့ရှိရမည်ဖြစ်ပါသည်။ မိမိသည် သမိုင်းပညာရှင် တစ်ဦးမဟုတ်သော်လည်း ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်သုံးသပ်ရာတွင် ယနေ့ဖြစ်ရပ်များသည် ကိုလိုနီ၏ အမွေဆိုးများဖြစ်ကြောင်း ထင်ရှားစွာ သိမြင်လာရပါသည်။

သို့ဖြစ်၍ ပါတော်မူနေ့ကို သံဝေဂတရား ရရုံမျှမဟုတ်ဘဲ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထပ်မံမဆုံးရှုံးရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်စွာဖြင့် လွတ်လပ်ရေး ထပ်မံမဆုံးရှုံးစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါလို့ တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

*မှတ်စု။ ဤဆောင်းပါးသည်ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် Far Eastern Economic Forum တွင် ကျင်းပသည့် "Colonialism in the East and Its Impact on the Modern World" Conference ၌ ပညာရှင်များ ဆွေးနွေးခဲ့သည့် အချက်အလက်များကို အခြေခံရေးသားပါသည်။ (စာရေးသူ)*

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ လုပ်သားကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းအမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးဦးစီးမှူးဦးစိုးနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးဖိုးငွေးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကို ဖွဲ့စည်းထားရှိပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများကို ရန်ကင်း၊ မြောက်ဒဂုံ၊ မန္တလေး၊ ပုသိမ်၊ စက်စဲ၊ ဘားအံ၊ ပဲခူးတို့တွင် တည်ထောင်ထားကြောင်း၊ သင်တန်းကျောင်းများတွင် လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်း၊ လေအေးပေးစက် တပ်ဆင်ပြုပြင်ခြင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ အထည်ချုပ်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မြောက်ဒဂုံ)တွင် လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းနှင့် အထည်ချုပ်သင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်းနှင့် NSSA ၏ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် ဝင်ရောက် စစ်ဆေးအကဲဖြတ်ခံပြီး နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များရယူကြရန် ပြောကြားသည်။



သင်တန်းကို နိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိသော ကျွမ်းကျင်အလုပ်သမားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းနည်းပြဆရာ နှစ်ဦးဖြင့် သင်တန်းသား ၂၅ ဦးအား နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက် အထိ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ (ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု အခြေအနေ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်(ရေ)မှ စစ်ရေယာဉ် ၃ စင်း၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စစ်သင်္ဘောများအား လေ့လာခြင်းများအပါအဝင် တပ်မတော်နှစ်ရပ်အကြားနှင့် နှစ်နိုင်ငံအစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများ၊ ၂၈-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ကျွန်တော်တို့ မြန်မာနိုင်ငံ အစိုးရအနေနဲ့ နယ်စပ်ဒေသများမှာ တည်ငြိမ်ရေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာ နိုင်ငံများနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီနေ့မှာတော့ မြန်မာနိုင်ငံအတွင်းမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ တရုတ်နိုင်ငံသား အမျိုးသား ၅၁၁ ဦး၊ အမျိုးသမီး ၂၀၃ ဦး စုစုပေါင်း ၇၁၄ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများကို ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်း ၉၉၀၈ ဦး ရှိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ချစ်ကြည်ရေး အလည်အပတ်ခရီးနဲ့ ပင်လယ်ပြင် လေ့ကျင့်ရေး လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (တပ်မတော်ရေ) မှ စစ်ရေယာဉ်သုံးစင်းအနေနဲ့ ဒီနေ့မှာတော့ စစ်ရေယာဉ်ပေါ်မှာပါလာတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (တပ်မတော်ရေ) မှ အရာရှိ၊ စစ်သည်များက ရန်ကုန်မြို့ထဲမှာ လေ့လာခြင်း၊ ပင်လယ်ပြင် လက်တွေ့လုပ်ငန်းအတွက် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ မြန်မာနိုင်ငံ တပ်မတော်ရေမှ အရာရှိ၊ စစ်သည်များအနေနဲ့ တရုတ်ရေတပ်မတော်မှ စစ်သင်္ဘောများအပေါ်မှာ တက်ရောက်လေ့လာခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် သန်လျင်မှာရှိတဲ့ စာသင်ကျောင်းတစ်ခုကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (တပ်မတော်ရေ) က တာဝန်ရှိသူများ သွားရောက်ပြီး ကျောင်းသုံးစာအုပ်တွေ၊ ကျောင်းသုံးပစ္စည်းတွေ လှူဒါန်းခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေနဲ့ အစိုးရချင်း ရင်းနှီးစွာ၊ နီးကပ်စွာ ဆက်ဆံလျက်ရှိပြီး တပ်မတော်နှစ်ရပ်အနေနဲ့လည်း ရင်းနှီးစွာ၊ နီးကပ်စွာ ဆက်ဆံဆက်သွယ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒီနေ့မှာတော့ NUG အကြမ်းဖက်အဖွဲ့က သမ္မတအမည်ခံပုဂ္ဂိုလ်က တရုတ်နဲ့ မြန်မာချစ်ကြည်ရေးမှာ အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ တရုတ်နဲ့ မြန်မာချစ်ကြည်ရေးကို ထိခိုက်အောင် ဆောင်ရွက်လာတဲ့ စကားမျိုးတွေ ပြောလာ တာကိုတွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ နှစ်နိုင်ငံလုံးရဲ့ နှစ်နိုင်ငံ ပြည်သူလူထုနှစ်ရပ်လုံးက သတိရှိစွာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့သည် နီးကပ်စွာ၊ ရင်းနှီးစွာဆက်ဆံနေတဲ့ အိမ်နီးနားချင်း နိုင်ငံများ ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သမိုင်းအစဉ်အဆက် လေးစားလိုက်နာပြီး မဟာဗျူဟာမိတ်ဖက်နိုင်ငံများ၊ ဆွေမျိုးပေါက်ဖော် နိုင်ငံများဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုများကို ကျူးလွန်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေနဲ့ ပြည်သူကို ဓားစာခံလုပ်ပြီး ဆောင်ရွက်နေတဲ့ ကိစ္စများကိုလည်း တွေ့ရပါတယ်။ TNLA အဖွဲ့အနေနဲ့ ကျောက်မဲမြို့မှာ စစ်ရေးနဲ့မသက်ဆိုင်တဲ့ နေရာတွေမှာ ဝင်ရောက်နေရာယူတယ်။ ပြည်သူကို အကာအကွယ်လုပ်ပြီးတော့ တပ်မတော်ကို တိုက်ခိုက်တာမျိုးတွေ ရှိပါတယ်။ ကျွန်တော်တို့ပြောခဲ့သလိုပါပဲ။ သူတို့ဆီက သေဆုံးဒဏ်ရာရသူများရှိရင် ပြည်သူတွေဘဲ သေသလိုလို၊ ပြည်သူတွေကိုပဲ တပ်မတော်အနေနဲ့ အန္တရာယ်ပေးသလို ဆောင်ရွက်နေတာမျိုးတွေ၊ ဝါဒဖြန့်နေတာမျိုးတွေ ဒီနေ့မှာ တွေ့ရပါတယ်။ အကြမ်းဖက် PDF အဖွဲ့များအနေနဲ့ ရေစကြိုမြို့နယ်၊ အောင်ပန်းချောင်းကျေးရွာက အထက်တန်းပြ ဆရာမတစ်ဦးကို ရက်ရက်စက်စက် လည်လှီးပြီး သတ်တဲ့ဖြစ်စဉ်မျိုးတွေလည်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရပါတယ်။ ဒီလိုလူမဆန်တဲ့ လုပ်ရပ်မျိုးတွေဟာ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီနေ့ ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုများအနေနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာတော့ ကုန်းကြမ်းဒေသမှာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ဖြစ်ပွားနေဆဲပဲ ဖြစ်ပါတယ်။ လောက်ကိုင်မြို့ထဲကို MNDAA အကြမ်းဖက်အဖွဲ့အနေနဲ့ ရှေ့တိုက်ဒုံးသုံးလုံးနဲ့ ပစ်ခတ်ခဲ့တာ ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောမှာ လူနေရပ်ကွက်များကို အကာအကွယ်ယူပြီး AA အဖွဲ့အနေနဲ့ လုံခြုံရေးတပ်စခန်းတွေ၊ လုံခြုံရေးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်ကို လာရောက်ပစ်ခတ်ခဲ့တာ ရှိပါတယ်။ ပြန်လည်ခုခံချေမှုန်းခဲ့တာ ရှိပါတယ်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေမှာတော့ ရေစွာစခန်းကို လာရောက်တိုက်ခိုက်ခဲ့တာ ရှိပါတယ်။ ဆက်လက် ခုခံတိုက်ခိုက်နေဆဲပဲ ဖြစ်ပါတယ်။ ဒီနေ့ပြောချင်တာကတော့ အကြမ်းဖက်အဖွဲ့များအနေနဲ့ အခုလိုအခြေအနေမျိုးမှာ ကောလာဟလသတင်းများဖြန့်ချိခြင်း၊ သူတို့ အနိုင်ရနေသယောင်ဖြန့်ချိခြင်းများ ဆောင်ရွက်ပြီး လုပ်ဆောင်နေတာ ရှိပါတယ်။ တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့ နယ်မြေများကို လုံခြုံမှုရှိအောင် ထိန်းသိမ်းတဲ့နေရာမှာ အကြမ်းဖက်အဖွဲ့များအနေနဲ့ ပြည်သူလူထုကို ဓားစာခံလုပ်ပြီး မြို့တွေ၊ ရွာတွေမှာရှိတဲ့ အဆောက်အအုံတွေ၊ ပြည်သူလူထုရဲ့ အဆောက်အအုံတွေကို ဓားစာခံလုပ်ပြီး၊ အကာအကွယ်ယူပြီး တိုက်ခိုက်နေတာမျိုးလည်း ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပြည်သူလူထုရဲ့ နေရာတွေ၊ နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အအုံတွေကို တိုက်ရိုက်ထိခိုက် စော်ကားနှောင့်ယှက်ဖျက်ဆီးခြင်းပဲဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက သဘောပေါက်ပြီး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးတွေ့မြင်နိုင်ပြီး အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းဆန့်ကျင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ) မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး Senior Captain Sun Bo ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်လေ့လာသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တပ်မတော် (ရေ) မှ တာဝန်ရှိသူများနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး သန်လျင်တပ်နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဆိပ်ကြီး) ၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ လှူဒါန်းသည်။

ညနေပိုင်းတွင် နယ်မြေခံ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ ထို့ပြင် တပ်မတော် (ရေ) မှ အရာရှိ၊ စစ်သည်များသည် တရုတ်စစ်ရေယာဉ်များပေါ်သို့ တက်ရောက်လေ့လာခဲ့ကြောင်းနှင့် တရုတ်စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များအနေဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မသန်စွမ်းသူများ၏ ဘဝအရည်အသွေးဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်ပေး

(မြနှင်းဝေ)

၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်ရရှိမှုတို့ တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာချမှတ်နိုင်ခဲ့သည်။ ထိုသို့ ချမှတ်ခဲ့သောနေ့ကို အထူးပြုသောအားဖြင့် ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ကျင်းပသော (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) ဖြင့် နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabilities) အဖြစ် အတည်ပြုသတ်မှတ်လိုက်သည်။




> ✻ မသန်စွမ်းသူများ၏ ပကတိအခြေအနေမှန်ကို လေ့လာကြည့်ပါက မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်ကြပြီး အလုပ်လုပ်ရန် ဆန္ဒရှိ၊ စွမ်းဆောင်ရည်လည်းရှိသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်သဖြင့် အလုပ်ရရန် အလွန်ခက်ခဲလှသည်။ မသန်စွမ်းကလေးသူငယ်များ၏ အခြေအနေလေ့လာဆန်းစစ်ချက် ၂၀၁၆ အရ နိုင်ငံတစ်ဝန်း၌ မသန်စွမ်းကလေးသူငယ် ၂၃၂၀၀၀ ခန့်ရှိပြီး သုံးဦးလျှင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ကြသည်

### အကြိမ်(၃၀) မြောက် အခမ်းအနား

ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ကြသလို မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၄ ခုနှစ်မှစတင်ကျင်းပခဲ့ရာ ယခုနှစ်သည် အကြိမ်(၃၀) မြောက် အခမ်းအနားဖြစ်သည်။ ထိုသို့ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးထား ဂရုပြုတတ်စေရန်တို့ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာတည်ဆောက်ရာတွင် မသန်စွမ်းသူများလည်း တစ်တပ်တစ်အားပါဝင်ပြီး ရေရှည်တည်တံ့ရေးအတွက် စုပေါင်းအကောင်အထည်ဖော်နိုင်စေရေးအတွက် ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃ သန်း) ကျော်သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရသည်။

### ကမ္ဘာ့အကြီးမားဆုံး လူနည်းစုအုပ်စု

ဤပမာဏကိုကြည့်လျှင် ကမ္ဘာအနှံ့ တည်ရှိနေထိုင်ကြသော မသန်စွမ်းသူများ၏ အရေးအရာမှာ ပေါ့ပေါ့တန်တန်မဟုတ်ကြောင်း သတိပြုမိလာသဖြင့် မသန်စွမ်းသူများကို "ကမ္ဘာ့အကြီးမားဆုံး လူနည်းစုအုပ်စု" အဖြစ် သတ်မှတ်လာကြသည်။ မသန်စွမ်းသူများသည် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုခံနေရပြီး အမျိုးမျိုးသောဆင်းရဲဒုက္ခများ ခံစားနေရကာ အခွင့်အရေးမှန်သမျှ ဆုံးရှုံးနေရသလို မသန်စွမ်းသူအားလုံး၏ ရာခိုင်နှုန်း ၈၀ ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသဖြင့် ဘူးလေးရာ ဖရုံဆင့် ခံစားကြရသည်။

အဆိုပါ အကြီးမားဆုံးသော လူနည်းစုအုပ်စုကို ဆေးပညာရှုထောင့်အမြင်မှ သွေဖည်ပြီး လူမှုရေးရှုထောင့်အမြင်ဖြင့် မြင်လာကြကာ မသန်စွမ်းသူများ ကိုယ်တိုင်အခွင့်အရေးများ ခံစားရရှိရေး၊ မွေးရာပါ ဂုဏ်သိက္ခာများအား လေးစားတန်ဖိုးထားခံရရေးနှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အခက်အခဲ အတားအဆီးများရှိနေကြောင်းကို အသိအမှတ်ပြု၍ ခွဲခြားဆက်ဆံခံရမှုများ ပပျောက်ပြီး တန်းတူညီမျှ အခွင့်အရေးရရှိရေးတို့အတွက် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းအကောင်အထည်ဖော်လာပြီဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲနိုင်ရန်ရည်ရွယ်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မသန်စွမ်းသူများ၏အခွင့်အရေး သဘောတူစာချုပ်ကို ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးက သဘောတူလက်ခံ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ စာချုပ်တွင် မသန်စွမ်းသူတို့၏ လူမှုရေးနှင့် လူ့အခွင့်အရေးကိုအခြေပြုလျက် နောက်ဆုံးပေါ် ချဉ်းကပ်ဆောင်ရွက်မှုပုံစံများကို အလေးပေး ပြဋ္ဌာန်းထားသည်။ စာချုပ်အပိုဒ် (၁) တွင် "မသန်စွမ်းသူ ဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများကို ဆိုလိုသည်" ဟု ဖော်ပြပါရှိသည်။

### မသန်စွမ်းသူများ အခွင့်အရေးတန်းတူရရှိရေး

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး ဝင်ရောက်ခဲ့သည်။ ထိုသို့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မသန်စွမ်းသူများအခွင့်အရေး တန်းတူရရှိရေးအတွက်မူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ (ခ) အရ "နိုင်ငံတော်သည် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်" ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာ ကူညီစောင့်ရှောက်နိုင်ရေးအတွက် "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ" ကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းလိုက်ပြီး နည်းဥပဒေများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နိုင်ငံတော်အဆင့် အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်ကိုးရပ်နှင့် လုပ်ငန်းတာဝန် ၂၅ ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ မသန်စွမ်းသူများ၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၁၆-၂၀၂၅) ရေးဆွဲလျက် မသန်စွမ်းသူများအလိုက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အလားတူစွာ မသန်စွမ်းအဆင့်သတ်မှတ်ခြင်း၊ မသန်စွမ်းမှတ်ပုံတင်ခြင်းနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ သင်တန်းကျောင်းအခြေပြု မသန်စွမ်းသင်တန်းကျောင်းရှစ်ကျောင်းဖွင့်လှစ်၍ လေ့ကျင့်ပြုစုပျိုးထောင်ပေးနေသည်။

### ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ

ထို့အတူ မသန်စွမ်းသူများအလိုက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အမြင်အာရုံမသန်စွမ်းသူများ၏ မျက်မမြင်အကြောပြင်အနုပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေး စီမံကိန်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာစီမံကိန်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မသန်စွမ်းသူများသည် သာမန်ဘဝတစ်ခုရရှိရန်အတွက် အထောက်အကူပြုသော လူမှုရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်လိုအပ်သည်။ ရုံးခန်းများ၊ အများပြည်သူနေရာများနှင့် သယ်ယူပို့ဆောင်ရေးမှအစ စာသင်ကျောင်းများ အဆုံးအထိ အတားအဆီးများကို ဖယ်ရှားပေးပါက မသန်စွမ်းသူများ ကိုယ်တိုင်စွမ်းဆောင်နိုင်ပြီး လူမှုဘဝများတွင် ပေါင်းစည်းပါဝင်နိုင်ကြမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များနှင့် အခွင့်အလမ်းများကို လက်လှမ်းမီရရှိ အသုံးပြုမှုအား အဟန့်အတားဖြစ်စေသော အတားအဆီးအားလုံးကို ဖယ်ရှားပေးရမည်ဖြစ်သလို မသန်စွမ်းသူများအပေါ် အထင်အမြင်သေးသည့် ရိုးရာဓလေ့များ၊ အစွဲအလမ်းများနှင့် ယုံကြည်မှုများ လျော့ပါးပပျောက်ရေးအတွက် အားလုံးက ပြုပြင်ပေးကြရန် လိုအပ်သည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် မတူညီသော ဖြေရှင်းသည့် နည်းလမ်းများရှာဖွေရန်နှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးမည့် ကဏ္ဍသုံးရပ် ထည့်သွင်းထားပါသည်။ ယင်းကဏ္ဍသုံးရပ်တွင် အလုပ်အကိုင်ရရှိမှုတွင် မသန်စွမ်းသူအားလုံးပါဝင်သော တိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု (SDG8)၊ မညီမျှမှုများလျှော့ချရာတွင် မသန်စွမ်းသူများအားလုံးပါဝင်သော တိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှု (SDG10) နှင့် အားကစားကဲ့သို့သော ကဏ္ဍများတွင် မသန်စွမ်းသူများအားလုံး ပါဝင်ဆန်းသစ်တီထွင်မှုတို့ ဖြစ်ပါသည်။

ယင်းဆွေးနွေးမည့် ကဏ္ဍများတွင် ကမ္ဘာတစ်ဝန်း ဆန်းသစ်၍ လျင်မြန်စွာပြောင်းလဲနေသော နည်းပညာခေတ်တွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန်အတွက် လိုအပ်သော အလုပ်အကိုင်၊ အသိပညာနှင့် ကျွမ်းကျင်မှုတို့အကြား ချိတ်ဆက်မှုများမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကို အထောက်အကူပြု နည်းပညာများဖြင့် မြှင့်တင်နိုင်ရေးတို့ ဆွေးနွေးမည်ဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်းသူများပါဝင်သော လုပ်ငန်းခွင်၌ မတူကွဲပြားမှုများကို မြှင့်တင်ရာတွင် စိတ်ပါဝင်စားသည့် အများပြည်သူနှင့် ပုဂ္ဂလိကဆိုင်ရာ ကဏ္ဍများရှိ မညီမျှမှုများ လျှော့ချရန်အတွက် ဆန်းသစ်တီထွင်မှုများ၊ လက်တွေ့အသုံးချကိရိယာများနှင့် အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်သည်။

### စွမ်းဆောင်ရည်လည်းရှိသော်လည်း အလုပ်ရရန် အလွန်ခက်ခဲ

မသန်စွမ်းသူများ၏ ပကတိအခြေအနေမှန်ကို လေ့လာကြည့်ပါက မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်ကြပြီး အလုပ်လုပ်ရန် ဆန္ဒရှိ၊ စွမ်းဆောင်ရည်လည်းရှိသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်သဖြင့် အလုပ်ရရန် အလွန်ခက်ခဲလှသည်။ မသန်စွမ်းကလေးသူငယ်များ၏ အခြေအနေလေ့လာဆန်းစစ်ချက် ၂၀၁၆ အရ နိုင်ငံတစ်ဝန်း၌ မသန်စွမ်းကလေးသူငယ် ၂၃၂၀၀၀ ခန့်ရှိပြီး သုံးဦးလျှင်နှစ်ဦးမှာ ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ကြသည်။ မြန်မာနိုင်ငံရှိ ၂ ဒသမ ၃ သန်းသော မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင် ခုနစ်သန်းခန့်တို့ ဆင်းရဲမှုသံသရာမှ ရုန်းထွက်နိုင်ရေးအတွက် ဆိုလျှင် ကုလသမဂ္ဂကချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် ၁၇ ရပ် (၂၀၁၆-၂၀၃၀) အောင်မြင်ရေးအရေးကြီးသလို မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အားကောင်းမှသာ ဖြစ်နိုင်ပေသည်။

ကမ္ဘာပေါ်တွင် လူဦးရေ တစ်ဘီလီယံကျော် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးကို တွေ့ကြုံခံစားနေကြရပါသည်။ ယင်းမသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း ကမ္ဘာ့ဘဏ်က ဆိုပါသည်။ ကမ္ဘာတစ်ဝန်း မသန်စွမ်းသူအရေးအတွက် ***စာမျက်နှာ ၁၁ သို့***

## ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဝန်ထမ်းများ အနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျမှန်ကန်မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရေးအတွက်ရည်ရွယ်၍ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဥပဒေချုပ်က ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် စကားအတိုင်း နိုင်ငံတော်၏ ယန္တရားများ ဟန်ချက်ညီ လည်ပတ်နိုင်ရန်အတွက် ဝန်ထမ်းများ စွမ်းအားနှင့် အရည်အချင်းပြည့်ဝပြီး လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အသိအမြင်ဗဟုသုတများ ကြွယ်ဝသော စွမ်းဆောင်ရည်များ မြင့်မားတိုးတက်သည့်ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ အမှုထမ်း ၃၀ တို့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ ပြည်သူ့ဆက်ဆံရေး ဘာသာ ရပ်၊ ရုံးလုပ်ငန်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**



## ထားဝယ်မြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်း (၁/၂၀၂၃) ဖွင့်

**ထားဝယ် နိုဝင်ဘာ ၂၈**

သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ် (ဆင့်ပွား) သင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာမှုများကြောင့် လုပ်ငန်းများ အဟန့်အတား မဖြစ်စေရေးအတွက် သဘာဝဘေး လျော့ပါးရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် ဘေးအန္တရာယ်နှင့် ရာသီဥတုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကို ထည့်သွင်း ရေးဆွဲနိုင်မည့်အပြင် ဝန်ထမ်းများ၏ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ပြီး ဘေးကင်းလုံခြုံသော ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းကို ထူထောင်နိုင်မည် ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းမှရရှိလာမည့် အသိပညာ ဗဟုသုတများကို အကျိုးရှိ ထိရောက်အောင် သင်ယူရင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အရေးပေါ် တုံ့ပြန်နိုင်ရေးကို စနစ်တကျ ဆောင်ရွက်တတ်စေရန်၊ ရပ်ရွာအခြေပြု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများကို လုပ်ဆောင် တတ်စေရန်နှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအတွက် အရန်အင်အားအဖြစ် အင်အား တောင့်တင်း လာနိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၀ ကို နိုဝင်ဘာ ၃၀ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

သိသိသာသာမြင့်တက်လျက်ရှိပြီး ယင်းသည် လူဦးရေပျံ့နှံ့မှုပုံစံများနှင့် အကြောင်းအမျိုးမျိုးဖြင့် နာတာရှည် ကျန်းမာရေးမကောင်းမှုများ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်းကလည်း မသန်စွမ်းသူများသည် အချိုးမညီမျှစွာ ခံစားခဲ့ကြရပါသည်။

ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုများ ဆက်လက်ရှိနေသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ အပါအဝင် ကပ်ရောဂါကြောင့် မသန်စွမ်းသူများ မည်ကဲ့သို့ အကျိုးသက်ရောက်သည်ကို ဖြေရှင်းပေးရန် လိုအပ်နေဆဲဖြစ်ပါသည်။ အထူးသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုစနစ် အဆင့်တိုင်းတွင် မသန်စွမ်းသူများအားလုံး အကျုံးဝင်နိုင်ရေး တိုးမြှင့်လုပ်ဆောင်ရန် အရေးတကြီးလိုအပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆိုပါသည်။

**ဆိုးရွားသော လူမှုစီးပွားဘဝ အခြေအနေများ**

လတ်တလောတွင် မသန်စွမ်းသူများသည် ပညာရေးအားနည်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဆင်းရဲမွဲတေမှုနှုန်းမြင့်မားခြင်း စသည့် ဆိုးရွားသော လူမှုစီးပွားဘဝအခြေအနေများကို ကြုံတွေ့ရနိုင်ခြေပို၍များလာနေကြောင်း ကုလသမဂ္ဂက ဆိုပါသည်။ ဆင်းရဲမွဲတေမှုကြောင့် အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု မပြည့်စုံခြင်း၊ ဘေးကင်းသော လုပ်ငန်းခွင်အခြေအနေ၊ ညစ်ညမ်းသော ပတ်ဝန်းကျင်နှင့် လုံခြုံသော ရေနှင့် မိလ္လာစနစ်အသုံးပြုနိုင်သည့် အခြေအနေမရှိသဖြင့် မသန်စွမ်းဖြစ်နိုင်ခြေများ တိုးလာစေလျက်ရှိပါသည်။

မသန်စွမ်းမှုဖြစ်လာစေနိုင်သည့် အခြားအချက်များတွင် အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများနည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့် မသန်စွမ်းနေထိုင်မှု စရိတ်စကများ မြင့်တက်လာခြင်းတို့လည်း ပါဝင်ပါသည်။ မသန်စွမ်းသူများအနေဖြင့် လူမှုရေးနှင့် စီးပွားရေးတွင် အပြည့်အဝ ပါဝင်နိုင်ရေးအတွက် အခက်အခဲများရှိနေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းအခက်အခဲများတွင် လက်လှမ်းမမီနိုင်သော ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သယ်ယူပို့ဆောင်ရေး၊ အထောက်အကူပစ္စည်းများနှင့် နည်းပညာများမရရှိနိုင်မှု၊ လိုက်လျောညီထွေဖြစ်သည့် ဆက်သွယ်မှုနည်းလမ်းများ၊ ဝန်ဆောင်မှုဆိုင်ရာ မညီမျှမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံခံရသော မလိုမုန်းထားမှုနှင့် အရှက်ရစေမှုများကို တွေ့ရပါသည်။

**မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများ**

မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အတားအဆီးများအဖြစ် ခြုံငုံတွေ့ရပါသည်။ မသန်စွမ်းသူများဆိုင်ရာ အတားအဆီးများသည် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများထက် ပိုမိုပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဖော်ပြပါသည်။ လူတိုင်းသည် တစ်ကြိမ်မဟုတ် တစ်ကြိမ် အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရလေ့ရှိသော်လည်း မသန်စွမ်းသူများအတွက်မူ အတားအဆီးများသည် အခြားသူများထက် ပိုမိုတွေ့ရနိုင်ပြီး အကျိုးသက်ရောက်မှုလည်း ကြီးမားကြပါသည်။

ယနေ့နိုင်ငံတကာတွင် အများပြည်သူသုံးအိမ်ရာများ၊ စာသင်ကျောင်းများ၊ လေဆိပ်များ၊ ရုံးများ၊ ဆေးရုံများ၊ ပန်းခြံများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ လျှောက်လမ်း၊ ပလက်ဖောင်းများ၊ လမ်းဆုံမီးပွိုင့်များ၊ လူကူးမျဉ်းကျားများ၊ ဘူတာရုံများ၊ ရေယာဉ်၊ ရထား၊ ဘတ်စ်ကားများတွင် စံသတ်မှတ်ချက်နှင့်အညီ လူတိုင်းဂုဏ်သိက္ခာရှိစွာ လက်လှမ်းမီ သွားလာသုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိကြသည်။ မြန်မာနိုင်ငံရှိ အမျိုးသားစာကြည့်တိုက်တွင်လည်း မသန်စွမ်းသူများ အသိပညာဗဟုသုတ ရရှိစေရန်အတွက် စာပေဆိုင်ရာလေ့လာနိုင်သည့် အထောက်အပံ့များကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

ထို့ကြောင့် မသန်စွမ်းသူများသာမက သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးသူငယ်များအပါအဝင် ပြည်သူအားလုံး လွယ်လင့်တကူ သွားလာ အသုံးပြုနိုင်ကြသည်။ ကျွန်ုပ်တို့ နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် လုပ်နိုင်သည့်အပိုင်းမှ စတင်ဖြည့်ဆည်းပေးမည်ဆိုပါက တစ်ချိန်တွင် စံချိန်မီသော မသန်စွမ်းသူများ ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်လာနိုင်ပေမည်။

ကမ္ဘာပေါ်တွင် မသန်စွမ်းသူများထဲမှာ သန်စွမ်းသူများပါ စံထားအားကျရသည့် မသန်စွမ်းသိပ္ပံပညာရှင် "စတီဖင်ဟော့ကင်း" သည်လည်း မသိသူမရှိလောက်အောင် ထူးချွန်ထက်မြက်သူတစ်ဦးဖြစ်ပါသည်။ မသန်စွမ်းသူများသည်လည်း လူသားအကျိုးပြုပုဂ္ဂိုလ်များ ပေါ်ထွက်လာနိုင်သောကြောင့် သန်စွမ်းသူများနည်းတူ ခွဲခြားဆက်ဆံမှုမပြုဘဲ လူသားချင်းတန်းတူအရေးပေး ဆက်ဆံသင့်ပါသည်။ ပြည်သူအားလုံးပါဝင်သော ပြန်လည်ထူထောင်ရေးများ လုပ်ဆောင်နိုင်မှသာ နာလန်ထူမည်ဖြစ်သဖြင့် မသန်စွမ်းသူတို့ ပေါင်းစည်းပါဝင်မှုကိုကြိုဆိုရင်း ဒီဇင်ဘာ ၃ ရက် နေ့တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

---

**နိုင်ငံ့သာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ငြိမ်း) ဦးစီးသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပသော အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည်။

**ဆုံးဖြတ်ချက် ၉ ချက် အတည်ပြု**

အဆိုပါ အစည်းအဝေးသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၂) ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက် ၁၀ ချက်ကို ပြန်လည်သုံးသပ်ခြင်းနှင့်ဆွေးနွေးခြင်းများ ဆောင်ရွက်၍ ဆုံးဖြတ်ချက် ၉ ချက်အား အတည်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။





**ဖတ်ကြားတင်သွင်း**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၂၂) ကြိမ်မြောက် အထွေထွေညီလာခံကို နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပရာ အဆိုပါ အထွေထွေညီလာခံသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ငြိမ်း) က ဖတ်ကြားတင်သွင်း ဆွေးနွေးသည်။


အဆိုပါအထွေထွေညီလာခံ၌ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက် ၉ ချက်ကို အတည်ပြုကြပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံက ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုး မှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။






ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင် ပြည်သူများ လှူဒါန်းသည့်ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဖြူးမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆေးကုသရေးအဖွဲ့ ဖြူးမြို့နယ်၊ ဇေယျဝတီတိုက်နယ်ဆေးရုံသို့ အခမဲ့ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

ဖြူး နိုဝင်ဘာ ၂၈

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများအား လက်လှမ်းမီရာ ရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာအထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး ကုသမှုရရှိစေနိုင်ရေး ရည်ရွယ်၍ ကွင်းဆင်းဆေးကုသမှုများကို နိုဝင်ဘာ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကုသရေး ဦးစီး ဌာနမှူး ဒေါက်တာသီဟ ဦးဆောင်၍ ဖြူးမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်၊ သမားတော်၊ ခွဲစိတ်၊ ကလေးလူနာ၊ သားဖွားမီးယပ်၊ အရိုးအကြော အဆစ်နှင့် သွားရောဂါဆိုင်ရာ အထူးကုဆရာဝန်များနှင့် အခြားသော ကျန်းမာရေး ဝန်ထမ်းများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဖြူးမြို့နယ်၊ ဇေယျဝတီတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးကြောင်း သိရသည်။



ထိုသို့ ကုသပေးရာတွင် အထွေထွေလူနာ ၁၄၄ ဦး၊ ခွဲစိတ်လူနာ ၅၀၊ Minor ခွဲစိတ် ခုနစ်ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ လက်မောင်းတွင်းထည့် သားဆက်ခြားလူနာ ၁၅ ဦး၊ ကလေးရောဂါ ၂၉ ဦး၊ အရိုးအကြောကု ၉၆ ဦး၊ သွားရောဂါ ကိုးဦးနှင့် လွှဲပြောင်းလူနာ ခုနစ်ဦး စုစုပေါင်း ၃၇၉ ဦးတို့အား ကျန်းမာရေး ကုသမှုများ ဆောင်ရွက်ပေးကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနအနေဖြင့် အလားတူ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အုတ်တွင်း၌ ကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အကြိမ် (၈၀) မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက် ဘုန်းတော်တိုး ဘုန်းတော်ပွင့် ဘုန်းတော်တင့် ဘုန်းတော်မြင့်စေတီတော်မြတ်ကြီးရှေ့၌ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ သံဃာတော် ၁၁၁ ပါးနှင့် သီလရှင်အပါး ၇၀ တို့အား အုတ်တွင်းတပ်နယ် တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာ စေတနာရှင် ပြည်သူများစုပေါင်း၍ မဲရုံပေါင်း ၆၀ ဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၆၇၆၆၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်း၊ စာရေးတံမဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး နှစ်ရက်သက်တမ်းတိုးရန် အစ္စရေးနှင့် ဟားမားစ်တို့ သဘောတူ

**ဂျေရုဆလင် နိုဝင်ဘာ ၂၈**

နှစ်ဖက်အကြား လက်ရှိပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို နောက်ထပ် နှစ်ရက်အကြာ သက်တမ်းတိုးရန် အစ္စရေးနှင့် ဟားမားစ်တို့ သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း ကာတာနိုင်ငံက ပြောသည်။ လက်ရှိအချိန်တွင် ယခုလို ကြိုးပမ်းအားထုတ်မှုက နောက်ထပ် ဓားစာခံများ လွှတ်ပေးမည်လား သို့မဟုတ် ဂါဇာကမ်းမြောင်ဒေသတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအခြေအနေ တိုးတက်မှုများ ရှိလာမည်လားဆိုသည်ကို အာရုံစိုက်နေကြကြောင်း သိရသည်။

ကာတာနိုင်ငံသည် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသည့် အစ္စရေးနှင့် ပါလက်စတိုင်း အစ္စလာမ္မာစ်အဖွဲ့တို့အကြား ကြားဝင်ဖျန်ဖြေညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သက်တမ်းတိုးရေး သဘောတူညီချက်ကို နိုဝင်ဘာ ၂၇ ရက်တွင် လူမှုမီဒီယာမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

ဟားမားစ်တို့က နိုဝင်ဘာ ၂၇ ရက်တွင် နောက်ထပ် အစ္စရေးနိုင်ငံသား ၁၁ ဦးကို လွှတ်ပေးခဲ့သည်။ ထိုရက်တွင် အစ္စရေးကလည်း ပါလက်စတိုင်း အကျဉ်းသား ၃၃ ဦးကို လွှတ်ပေးခဲ့သည်။ လေးရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အတွင်း ဟားမားစ်က နိုင်ငံခြားသားများ အပါအဝင် ဓားစာခံ ၆၉ ဦးနှင့် အစ္စရေးက အကျဉ်းကျနေသည့် ပါလက်စတိုင်းနိုင်ငံသား ၁၅၀ တို့ လဲလှယ်လွှတ်ပေးခဲ့သည်။

အစ္စရေးစစ်သားများ လွှတ်ပေးရေးအတွက် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း၊ သို့သော်လည်း စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများ မစတင်ရသေးကြောင်း ဟားမားစ်အကြီးတန်း အရာရှိတစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**





# ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက် ခရိုင်းမီးယားဒေသခံ တစ်ဦးသေဆုံးပြီး ၄၀၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုကြုံတွေ့

**ခရိုင်းမီးယား နိုဝင်ဘာ ၂၈**

ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် နိုဝင်ဘာ ၂၇ ရက်တွင် ခရိုင်းမီးယားဒေသခံ ၄၀၀၀၀၀ ကျော် လျှပ်စစ်မီးများ ပြတ်တောက်မှု ကြုံတွေ့ခဲ့သည်။

ကနဦး သတင်းဖော်ပြချက်များအရ ခရိုင်းမီးယားတောင်ပိုင်း ကမ်းရိုးတန်းတွင် လူတစ်ဦး သေဆုံးခဲ့ကြောင်းနှင့် တချို့ဒေသများတွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၄၀ ကီလိုမီတာ (မိုင် ၉၀ နှုန်း) ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။

သေဆုံးသူ အမျိုးသားမှာ မုန်တိုင်းတိုက်ခတ်နေချိန် လှိုင်းထွက်ကြည့်ရာ ကံမကောင်းဘဲ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက ရုပ်မြင်သံကြား တစ်ခုတွင် ပြောကြားခဲ့သည်။

ယခုအချိန်အထိ လူပေါင်း ၄၂၅၀၀၀ ခန့် လျှပ်စစ်မီး ပြတ်တောက်လျက်ရှိကြောင်းနှင့် သစ်ပင်ပေါင်း ၅၀၀ မှာလည်း လဲကျခဲ့ကြောင်း၊ နှစ်ရက်အတွင်း မီးများ ပြန်လည်ရရှိအောင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းနှင့် အရေးပေါ် ဝန်ဆောင်မှုလုပ်ငန်းများလည်း စတင်လှုပ်ရှားနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ်းရိုးတန်းအနီး အဝေးပြေးလမ်းတချို့ကိုလည်း ရေကြီးနစ်မြုပ်မှုကြောင့် ပိတ်ခဲ့ရသည်။ မုန်တိုင်းအရှိန်ကို ယူကရိန်းနှင့် ရုရှားတောင်ပိုင်းတို့လည်း ထိတွေ့ခံစားခဲ့ရသည်။ ရထားလမ်းပင်လယ်အောက်ရောက်ရှိခဲ့သောကြောင့် ရုရှားပင်လယ်နက်ကမ်းရိုးတန်းရှိ ရထားခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ပြီး နိုဘရော့စီဆိပ်ကမ်းတွင် လောင်စာဆီ တင်ခြင်းလုပ်ငန်းများလည်း ရပ်ဆိုင်းထားရသည်။

**အေပီ**

# ယူကရိန်း၌ နှင်းမုန်တိုင်းတိုက်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် လူ ၁၀ ဦးထက် မနည်းသေဆုံး

**ကီယက်ဗ် နိုဝင်ဘာ ၂၈**

ယူကရိန်းတွင် နှင်းမုန်တိုင်းတိုက်ပြီး ရာသီဥတုဆိုးရွားမှုကြောင့် လူ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၂၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အီဟိုကလီမန်ကိုက နိုဝင်ဘာ ၂၈ ရက်က ပြောကြားခဲ့သည်။

လေပြင်းနှင့်အတူ ဆောင်းရာသီမုန်တိုင်းကြောင့် နိုင်ငံတောင်ပိုင်း သြဒက်စ်စဒေသတွင် ငါးဦးသေဆုံးခဲ့ပြီး အိမ်နီးချင်းဒေသဖြစ်သော မိုင်ကိုလာယစ်ဗ်တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း ကလီမန်ကိုက ပြောသည်။

အခြားသေဆုံးသူများမှာ ကီယက်ဗ်နှင့် ကီယက်ဗ်အရှေ့ပိုင်းဒေသတို့မှဖြစ်သည်။ နိုဝင်ဘာ ၂၈ ရက်နံနက်ပိုင်းအထိ ယူကရိန်းဒေသ၁၁ခုရှိ အိမ်ထောင်စုပေါင်း ၄၁၁ ခု လျှပ်စစ်မီးများပြတ်တောက်ခဲ့သည်။

ယူကရိန်းရှိ မြို့နှင့် ကျေးရွာပေါင်း ၂၀၀၀ ကျော်လည်း ဆိုးရွားသော ရာသီဥတုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။

ယူကရိန်းသည် တနင်္ဂနွေနေ့ကတည်းက ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုနှင့် ကြုံတွေ့နေခဲ့ရသည်။

**ဆင်ဟွာ**





# ဗီယက်နမ်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး ပုစွန်တင်ပို့သည့်နိုင်ငံ ဖြစ်လာ

**ဟနွိုင်း နိုဝင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တန်ဖိုး စုစုပေါင်း ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းရှိသည့်အတွက် ကမ္ဘာ့ဒုတိယအကြီးဆုံး ပုစွန်တင်ပို့သည့် နိုင်ငံဖြစ်လာကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက နိုဝင်ဘာ ၂၈ ရက်တွင် အစီရင်ခံ ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ပုစွန်များကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ နီးပါး သို့ တင်ပို့လျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အောက်ရှိ ရေလုပ်ငန်းအထွေထွေဦးစီးဌာနကို ကိုးကား၍ အစီရင်ခံဖော်ပြခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံး ပုစွန်တင်ပို့သည့် ဈေးကွက်ငါးခုမှာ ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။ ၂၀၁၀-၂၀၂၃ ခုနှစ်ကာလအတွင်း ရေငန်ပုစွန်မွေးမြူရေးဧရိယာ ၆၄၄၀၀၀ မှ ၇၃၇၀၀၀ ဟက်တာအထိ ရှိသည်။

ဗီယက်နမ် အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ် ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံသည် ပုစွန်တင်ပို့ရာမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၂၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ငွေပေးအပ်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားတက်ရောက်

တောင်ကြီး နိုဝင်ဘာ ၂၈

**၂၀၂၃ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့ည (နိုဝင်ဘာ ၂၇ ရက်ည) ၁၀ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည်။**

ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအဖွဲ့များက ကပြဖျော်ဖြေကြပြီး နိုဝင်ဘာ ၂၇ ရက်ည၏ ပြိုင်ပွဲဝင်မီးပုံးပျံများဖြစ်သော ညမီးကြီး ယမ်းမီး ၂၂ ပေ မီးပုံးပျံ ခြောက်လုံးနှင့် စိန်နားပန် မီးပုံးပျံ တစ်လုံး ပြိုင်ပွဲပါဝင်လွှတ်တင်ရာ ဒေသခံ ပြည်သူများ၊ ရပ်နီးရပ်ဝေးမှ ဧည့်ပရိသတ်များ၊ ပွဲတော်လာ ဧည့်ပရိသတ်များနှင့် ခေတ်ပေါ် တေးဂီတဝိုင်းများဖြင့် ရုပ်ရှင်သရုပ်ဆောင်များ၊ ဒေသခံအဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ပွဲတော်ကို ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဆက်လက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအဖွဲ့ လေးကျောင်း၊ အကနည်းပြများ၊ အခမ်းအနားမှူး လေးဦးတို့ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ ဇနီး၊ တိုင်းမှူး၏ ဇနီးတို့ကလည်းကောင်း၊ မသိုး သင်္ကန်းရက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း၊ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ အုပ်စုပြိုင်ပွဲ ဆုရရှိသူများကို မီးပုံးပျံပညာရှင်များက လည်းကောင်း၊ ညလွှတ်မီးပုံးပျံပြိုင်ပွဲတွင် ညမီးကြီး ၂၂ ပေ၊ ၂၅ ပေ အဖွဲ့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က လည်းကောင်း၊ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုအကအဖွဲ့ ၁၀ ဖွဲ့၊ ဖွင့်ပွဲ၊ ပိတ်ပွဲသီချင်း သီဆိုပေးသော အဆိုတော် စိုင်းဟိန်းကို၊ တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ဖျော်ဖြေပေးခဲ့သော Power King တေးဂီတအဖွဲ့၊ မီးပုံးပျံပြိုင်ပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပေးခဲ့သော ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့၊ မီးပုံးပျံဖြစ်မြောက်ရေးအတွက် ပညာရှင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကလည်းကောင်း ချီးမြှင့်ပေးပြီး ၂၀၂၃ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို ပိတ်သိမ်းကြေညာကြောင်း သိရှိရသည်။



**မောင်မောင်သန်း(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို

**မကွေး နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၅/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားဆွဲဆောင်မှုနေရာများတွင် သန့်ရှင်းသာယာလှပစေရေးနှင့် ခရီးသည်များကို ပိုမိုဆွဲဆောင်မှုရှိစေရန် ဌာနဆိုင်ရာအားလုံးပူးပေါင်း၍ အပတ်စဉ်၊ လစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဒေသတွင်ရှိသည့် ထင်ရှားကျော်ကြားသော မကွေးမြသလွန် ဘုရားပွဲတော်ကိုလည်း ယခုနှစ် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်ခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ပျော်ရွှင်စွာ လာရောက်လည်ပတ်ခဲ့ကြကြောင်း၊ ယခုကဲ့သို့ ပွဲတော်များ၊ ကြော်ငြာမြှင့်တင်မှုများ ဆောင်ရွက်နိုင်ခဲ့၍ ယခုနှစ် အောက်တိုဘာလ တစ်လအတွင်း ခရီးသည်ဝင်ရောက်မှုမှာ ယခင်နှစ်ထက် ၃၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ဧည့်သည်တည်းခိုနေထိုင်မှုအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၀ ဒသမ ၈၇ သန်း ဝင်ရောက်တည်းခိုသဖြင့် ယခင်နှစ် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၁ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ကြောင်း၊ ခရီးစဉ်ဒေသအသီးသီးသို့လည်း ပြည်တွင်း ပြည်ပဧည့်သည် လည်ပတ်မှုအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁ ဒသမ ၅ သန်း ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ကထက် ၅၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီး၏ ခရီးစဉ်များကို ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုသိရှိနိုင်ရန်အတွက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ စီစဉ်မှုဖြင့် တာဝန်ရှိသူများပူးပေါင်း၍ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည် လေးဦးကိုလည်း ရန်ကုန်–မကွေး–မင်းဘူး–မင်းလှ–ရေနံချောင်း ခရီးစဉ် (၂၇.၇.၂၀၂၃) ရက်မှ (၃၁.၇.၂၀၂၃) ရက်အထိ Fam Trip အဖြစ် စီစဉ်ပေးခဲ့သဖြင့် ထိုင်းခရီးသွားဈေးကွက်နှင့် ပြည်တွင်းဈေးကွက်ကို ကြော်ငြာရုံသာမက မကွေးတိုင်းဒေသ၏ ဘာသာရေး၊ ရှေးဟောင်းယဉ်ကျေးမှု၊ သဘာဝအလှအပများကို ပိုမိုသိရှိစေနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရေနံချောင်းမြို့မှ ထင်ရှားသော ဂျပ်ကြားဒေသတွင်ရှိသည့် သဘာဝသဲနုတောင်ကြားလမ်းတွင် စက်ဘီးစီး ခရီးစဉ် Sport Tourism ကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသများ၏ အခြေခံအဆောက်အဦများ ကောင်းမွန်စေရေးနှင့် ခရီးစဉ်မြှင့်တင် ကြော်ငြာခြင်းများသာမက ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း သုံးမျိုးကို သင်တန်းသား ၈၅ ဦးဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ဟိုတယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ အုပ်ချုပ်မှုသင်တန်းကို သင်တန်းသား ၂၁ ဦးဖြင့်လည်းကောင်း မကွေးမြို့၌ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး လိုက်နာဆောင်ရွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ ကော်မတီ အတွင်းရေးမှူး၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်မည့် သင်တန်းများနှင့် ဟိုတယ်/မိုတယ် (တည်းခိုရိပ်သာ) များ၏ ဧည့်စာရင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်းနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီဝင်များက ဆွေးနွေးတင်ပြခြင်းများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

**"လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်းခွဲထွက်မနေပါ" ဆိုသည့်အတိုင်း ဤကမ္ဘာလောကကြီးတွင် လူသားဟူ၍ ဖြစ်တည်လာသည့်အချိန်မှစ၍ တစ်ဦးတစ်ယောက်တည်း ရပ်တည်လာသည်မဟုတ်။ အမျိုးသားနှင့် အမျိုးသမီးဟူသော မျိုးကွဲနှစ်မျိုးဖြင့် ကမ္ဘာဦးအစမှ ဖြစ်တည်ခဲ့ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် "မျိုးဆက်" ဟူသော ဝေါဟာရဖြင့် မိသားစု၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်း စသည်တို့ဖြင့် အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တို့မှသည် ကျယ်ပြန့်သော လူသားကမ္ဘာတစ်ခုလုံးနှင့် ပေါင်းသင်းဆက်ဆံနေထိုင်ကြရသည်။**

**မေတ္တာမိုးနှင်း (ပဲခူး)**

ထိုသို့ ပေါင်းသင်းဆက်ဆံကြရခြင်းမှာ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး စသော လူသားတို့၏ အခြေခံလိုအပ်များအတွက် လူမှုရေးဟူသည့် နယ်ပယ်တစ်ခုအဖြစ် လိုအပ်သောကြောင့် ဖြစ်သည်။ နေထိုင်ရာ ဒေသ၊ ရေမြေသဘာဝ၊ လူသားတို့၏ ယုံကြည်ချက်များအပေါ် မူတည်၍ အသားအရောင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ စားသောက်နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားကြသည်။ မည်သို့ပင် ကွဲပြားစေကာမူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ တူညီသည့်အချက်များကိုသာ ဦးတည်၍ မတူညီသောကွဲပြားမှုတို့ကို လေးစားခြင်း၊ နားလည်မှုပေးခြင်းတို့ဖြင့် လူသားတို့ပေါင်းသင်းဆက်ဆံကြရသည်။ သို့သော်လည်း ကမ္ဘာဦးအစမှစ၍ ဖြစ်တည်လာသော "အမျိုးသားနှင့်အမျိုးသမီး" ဟူသော မတူကွဲပြားမှုတွင် အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးမပေးခြင်း၊ အကြမ်းဖက်ခြင်း၊ နှိမ့်ချဆက်ဆံခြင်းတို့ ကမ္ဘာတစ်ဝန်းရှိနိုင်ငံတိုင်းတွင် ဖြစ်ပေါ်လျက်ရှိပေသည်။ အဓိကအချက်မှာ အမျိုးသမီးများအပေါ် နည်းလမ်းအသွယ်သွယ်ဖြင့် အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်လျက်ရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

### လူ့အခွင့်အရေး

အမျိုးသမီးများသည် မိခင်ဟူသော မေတ္တာတရားအခြေခံထားကြသောကြောင့် နူးညံ့သိမ်မွေ့ကြသည်။ ထောက်ပံ့ပြုစုမြှင့်တင်ခြင်းဖြင့် မိသားစုအား ပေးဆပ်ကြသူများဖြစ်သည်။ မွေးရာပါဇီဝကွဲပြားမှုအရ အမျိုးသမီးများသည် နူးညံ့ပျော့ပျောင်းသည်ဟူသောစိတ်အစွဲဖြင့် "အားနည်းသောစွမ်းဆောင်ရှင်များ" အဖြစ် အသိအမှတ်ပြု ခွဲခြားဆက်ဆံခြင်းများသည် ကမ္ဘာ့နိုင်ငံတိုင်းနီးပါးတွင် တူညီမှုရှိနေကြသည်။ လူ့အခွင့်အရေး၏ အခြေခံအချက်များမှာ (၁) လူ့အခွင့်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည်။ (၂) အသားအရောင်၊ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး၊ အတွေးအခေါ်၊ လိင်ကွဲပြားမှုမရွေး လူ့အခွင့်အရေးသည် လူသားအားလုံးအပေါ်တန်းတူညီမျှမှုရှိသည်။ (၃)လူသားများသည် တစ်ယောက်နှင့်တစ်ယောက် ကွဲပြားနိုင်သော်လည်း လူဖြစ်ခြင်းဆိုသည်အချက်မှာ အားလုံးတူညီသည့်အတွက် လူ့အခွင့်အရေးမှာလည်း လူသားအားလုံးအတွက်ဖြစ်သည်။ (၄)လူ့အခွင့်အရေးသည် လူတိုင်းအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်။ (၅) မွေးဖွားလာသည်မှ စတင်ပြီး သေဆုံးတိုင် လူ့အခွင့်အရေးသည် အရေးပါသည်။ (၆)လူ့အခွင့်အရေးကိုမည်သူကမှ ယူဆောင်သိမ်းပိုက်မရဟူ၍ ဖြစ်သည်။




လူ့အခွင့်အရေးအခြေခံအချက်များအရ လူသားတိုင်းသည် လူသားဖြစ်တည်မှု အတိုင်းအတာအရ အခွင့်အရေးသည်လည်း တန်းတူညီမျှမှုရှိရမည်။ လူသားတိုင်းတွင် မွေးရာပါဗီဇနှင့် ဝါသနာ အခြေခံများရှိကြသည်။ မတူကွဲပြားမှုများရှိသော်လည်း လူသားဖြစ်တည်မှုသည် မွေးရာပါအရည်အချင်း တူညီခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူသားချင်း ခွဲခြားဆက်ဆံခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်ခြင်းပင်ဖြစ်သည်။ အဓိကအချက်မှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံ၍ အကြမ်းဖက်ခြင်းသည် ကြီးမားသော လူ့ဂုဏ်သိက္ခာကို ထိပါးစေခြင်းဖြစ်သည်။ အမျိုးသမီးများ ဤလောကီကို ဖန်တီးသူများ၊ အနာဂတ်မျိုးဆက်များကို ပုံထုဆစ်ပေးသူများဖြစ်သည်။ ထိုသို့သော အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းလုပ်ရပ်သည် ဗုဒ္ဓတရားတော်နှင့်လည်း ဆန့်ကျင်နေပေသည်။ ထို့ကြောင့် အမျိုးသမီးများအပေါ် အနိုင်ကျင့်အကြမ်းဖက်သော လုပ်ရပ်များကို များစွာရှုတ်ချရပေမည်။

### အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်သူများဖြစ်၍ မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်ကြသည်။ "ဟီရိဩတ္တပ္ပ" တည်းဟူသော အရှက်အကြောက်တရားကိုလက်ကိုင်ထားသောမြန်မာအမျိုးသမီးများ၏ အရှက်အကြောက်ကြီးတတ်သော အားနည်းချက်၊ အမျိုးသမီးဟူသော ဇီဝရုပ်အားနည်းချက်များကို အသုံးချ၍ ခွဲခြားဆက်ဆံခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ ဆဲဆိုကြိမ်းမောင်းနှိပ်စက်ခြင်း၊ တစ်နည်းနည်းဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို မကြာခဏဆိုသလို ကြားသိတွေ့မြင်နေရသည်မှာ စိတ်မကောင်းဖွယ်ရာကောင်းလှပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်သွေဖည်သော အပြုအမူများဖြစ်၍ စက်ဆုပ်ဖွယ်ပင်ဖြစ်သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းကို လေ့လာကြည့်သည့်အခါ ဇနီးဖြစ်သူအား ရိုက်နှက်ခြင်းမှအစ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်စော်ကားမှုနှင့် နှောင့်ယှက်မှုများ၊ မိန်းကလေးငယ်များအား အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားခြင်းဟူ၍ တွေ့ရသည်။ အကြမ်းဖက်မှုအားလုံးသည် အမျိုးသမီးများ၏ အခြေခံကျသည့် လူ့အခွင့်အရေးများကို ချိုးဖောက်သည့်အပြင် လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများပါဝင်မှုကိုလည်း အဟန့်အတားဖြစ်စေသည်။ ကုလသမဂ္ဂအမျိုးသမီးများဆိုင်ရာအဖွဲ့ (UN Women) ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော အမျိုးသမီးထု၏ ၁၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းသည် ဘဝတစ်လျှောက်တွင် ကိုယ်ထိလက်ရောက်စော်ကားမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တွေ့ကြုံကြရသည်ဟုဆိုသည်။

ယင်းတို့အနက် အလုပ်ခွင်အကြမ်းဖက်မှုများစွာလည်း တွေ့ကြရသည်။ အလုပ်ခွင်အတွင်း ရာထူးဂုဏ်သိန်ခွဲခြား၍ နှိမ့်ချဆက်ဆံခြင်း၊ အလုပ်ရှင် အလုပ်သမားဟူသော အဆင့်အတန်းခွဲခြား၍ အနိုင့်အထက်ပြုမူခြင်း၊ အလုပ်သမားအချင်းချင်းတွင် ကြီးနိုင်ငယ်ညှဉ်းပြုမူခြင်းများပင်ဖြစ်သည်။ အလုပ်ခွင်အကြမ်းဖက်မှုတွင် အမျိုးသမီးအများစုသည် စိတ်ပိုင်းရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာများ အကြမ်းဖက်ခြင်းခံကြရသည်။ အိမ်ရှင်မှအိမ်အကူအမျိုးသမီးများအား ရိုက်နှက်ခြင်း၊ ခြေချောင်းလက်ချောင်းများကို ချိုးလိမ်ခြင်း၊ ဓားဖြင့်မွှမ်းခြင်း၊ ရေနွေးပူလောင်းခြင်းများပြုလုပ်၍ အကြမ်းဖက်ကြသည်။ ထိုအကြမ်းဖက်မှုများသည် ပြည်တွင်းသာမက ပြည်ပရွှေ့ပြောင်းအလုပ်သမားများတွင်လည်း အလားတူအကြမ်းဖက်ခြင်းကို ခံစားနေကြရသည်ကို လေ့လာသိရှိရသည်။

ထို့အပြင် အတင်းအဓမ္မလိင်အကြမ်းဖက်ခြင်းခံရသော အမျိုးသမီးများသည် အရှက်အကြောက်ကို ကိုးကွယ်၍ ဖွင့်ဟမှုမရှိခြင်း၊ ဖွင့်ဟပြောဆိုမှုအခွင့်အရေးကို ခြောက်လှန့်ပိတ်ပင်ခြင်းတို့ကြောင့် နောက်ဆုံးတွင် ပြည့်တန်ဆာအမျိုးသမီးများအဖြစ်သို့ပင် အကြမ်းဖက်နှိပ်စက်ခြင်းခံရလေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွင် အဆိုးရွားဆုံးလုပ်ရပ်မှာ ငွေဝယ်ကျွန်စနစ်ကဲ့သို့ လူကုန်ကူးမှုအသွင်ဖြင့် အကြမ်းဖက်ခြင်းပင်ဖြစ်သည်။ လူသားမဆန်သည့် အဆိုးရွားဆုံးသော လုပ်ရပ်မှာ မုဒိမ်းမှုပင်ဖြစ်သည်။ အရွယ်ရောက်ပြီးသော အမျိုးသမီးဖြစ်စေ၊ အရွယ်မရောက်သေးသော ကလေးသူငယ်များပင်ဖြစ်စေ လိင်အကြမ်းဖက်သော မုဒိမ်းမှုကိုပြုမူခံရပါက ဘဝတစ်သက်စာအတွက် ချေဖျက်မရသော အမည်းစက်ကို တံဆိပ်ကပ်ခံလိုက်ရခြင်းပင်ဖြစ်သည်။

ယခုအခါ အမျိုးသမီးများအပေါ် အကြမ်းဖက်ရန်အတွက် ဆက်သွယ်ရေးနည်းပညာများကို လက်နက်တစ်ခုအဖြစ် အသုံးပြုလာကြသည်။ ဥပမာအားဖြင့် အမျိုးသမီးနှင့်သက်ဆိုင်သော ဓာတ်ပုံတစ်ခုကို နည်းပညာဖြင့် ထင်ယောင်ထင်မှား ညစ်ညမ်းအောင်ပြုလုပ်ခြင်း၊ ဗီဒီယိုလွှင့်တင်ခြင်းများပြုလုပ်၍ ငွေညှစ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ကြသည်။ ထို့အပြင် တိုက်ရိုက်အကြမ်းဖက် တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ နည်းပညာဖြင့် အမျိုးသမီးများ၏ လူမှုကွန်ရက်စာမျက်နှာများကို ခိုးယူသုံးစွဲခြင်း၊ ခြေရာခံလိုက်၍ ဖုန်းမက်ချ်ဆေ့မှတစ်ဆင့် နှောင့်ယှက်ခြင်းများပင်ဖြစ်သည်။ ထိုအကြမ်းဖက်မှုများအတွက် နည်းပညာဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်သကဲ့သို့ ထိုဥပဒေများဖြင့်လည်း ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်ပါသည်။

> **❖ အမျိုးသမီးများအပေါ် အကြမ်းဖက်ရန်အတွက် ဆက်သွယ်ရေးနည်းပညာများကို လက်နက်တစ်ခုအဖြစ် အသုံးပြုလာကြသည်။ ဥပမာအားဖြင့် အမျိုးသမီးနှင့်သက်ဆိုင်သော ဓာတ်ပုံတစ်ခုကို နည်းပညာဖြင့်ထင်ယောင်ထင်မှား ညစ်ညမ်းအောင်ပြုလုပ်ခြင်း၊ ဗီဒီယိုလွှင့်တင်ခြင်းများ ပြုလုပ်၍ ငွေညှစ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ကြသည်။ ထို့အပြင် တိုက်ရိုက်အကြမ်းဖက် တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ နည်းပညာဖြင့် အမျိုးသမီးများ၏ လူမှုကွန်ရက်စာမျက်နှာများကို ခိုးယူသုံးစွဲခြင်း၊ ခြေရာခံလိုက်၍ ဖုန်းမက်ချ်ဆေ့မှတစ်ဆင့် နှောင့်ယှက်ခြင်းများပင်ဖြစ်သည်။ ထိုအကြမ်းဖက်မှုများအတွက် နည်းပညာဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်သကဲ့သို့ ထိုဥပဒေများဖြင့်လည်း ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်လည်းလိုအပ်**

### အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှ ကာကွယ်သည့် ဥပဒေ

မြန်မာနိုင်ငံတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် စိန်ခေါ်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီး မဖြစ်ပွားမီ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းမှာ အသက် ၁၅ နှစ်နှင့် ၄၉ နှစ်ကြား အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများ၏ ၂၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ ဘဝတစ်သက်တာတွင် အရင်းနှီးဆုံးအဖော်ဖြစ်သူမှ အကြမ်းဖက်မှုပုံစံတစ်ခုခုကို တွေ့ကြုံခံစားဖူးကြောင်း လေ့လာသိရှိရသည်။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(စီဒေါ) ကော်မတီမှ ၁၉၉၂ ခုနှစ်တွင် ချမှတ်ထားသည့် အထွေထွေအကြံပြုချက်အမှတ် (၁၉)တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် စပ်လျဉ်းပြီး ဖော်ပြထားသည်။ မြန်မာနိုင်ငံကလည်း "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(The Convention of Elimination of All forms of Discrimation Against Women – CEDAW) သို့မဟုတ် စီဒေါသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ထိုသဘောတူစာချုပ်ကို လိုက်နာသည့်အနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ တန်းတူရည်တူအခွင့်အရေးဖွံ့ဖြိုးစေရေးနှင့် အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ရေးများအတွက် ဥပဒေတွေ အတိအကျပြဋ္ဌာန်းဆောင်ရွက်ရမည် ဖြစ်ပေသည်။

*စာမျက်နှာ ၁၇ သို့*

## ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

၄။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန် ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

၅။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ငါးရက်မှ ၁၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

၆။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၇။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၈။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

## ကချင်ပြည်နယ်အတွင်း မြို့၊ ရွာများ စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များ ပိုမိုစိုက်ပျိုးသွားမည်



**မြစ်ကြီးနား နိုဝင်ဘာ ၂၈**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့၊ ရွာများ စိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် နှစ်စဉ် သစ်ပင်၊ ပျိုးပင်များကို လုပ်ငန်းစီမံချက်များရေးဆွဲပြီး စနစ်တကျ ဖြန့်ဝေစိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်စိမ်းလန်းရေးကိုလည်း ဂရုစိုက်ကြပ်မတ်ဆောင်ရွက်စေခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများသာမက ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ပေးခြင်း၊ လူထုဖြန့်ပျိုးပင်များ ပိုမိုတိုးချဲ့ ပျိုးထောင်ခြင်းအပြင် လာမည့် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက် စိုက်ပျိုးနိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဥက္ကာက မြို့၊ ရွာများ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ တိုးမြှင့်စိုက်ပျိုးသွားမည့် အစီအမံများနှင့် ကြိုတင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်း တည်ထောင်သူများ၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လုပ်ကိုင်သူများက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်အတွင်းရှိ အင်္ဂလီကန်ဘုရားကျောင်းသို့ သွားရောက်ပြီး ရိုးရာကောက်သစ်စားပွဲ (အင်လုံအင်နန်ရှား) ပွဲတော်ကာလ ကောက်ဦးအလှူအဖြစ် ဆန် ၁၀ အိတ်၊ ဆီဘူး ၂၀၊ ကုလားပဲနှင့် ဆား တစ်အိတ်စီ၊ ခေါက်ဆွဲခြောက် ၁၅ ဖာနှင့် ရေသန့်ကတ် ၂၀ ကို အသင်းတော်မှ ဆရာတော်များ၊ တာဝန်ရှိသူများထံ လှူဒါန်းခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ် အနောက်ငါးဆူကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေသန့်စက်ရုံဆောက်လုပ်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အနောက်ကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေးအတွက် ဆိုလာစနစ်ဖြင့် ရေသန့်စက်ရုံဆောက်လုပ်ပေးခဲ့သည်။

အဆိုပါ ဆိုလာရေသန့်စက်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် သိန်း ၃၀ နှင့် ပြည်သူထည့်ဝင်ငွေ (လုပ်အားတန်ဖိုး) များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဆိုလာရေသန့်စက်ရုံ ဆောက်လုပ်ပြီးစီးခြင်းကြောင့် အနောက်ကျေးရွာရှိ အိမ်ခြေ ၇၀၊ အိမ်ထောင်စု ၇၆ စုမှ လူဦးရေ ၃၀၄ ဦးနှင့် အိမ်မွေးတိရစ္ဆာန် ကျွဲ၊ နွားများအတွက် သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာရရှိပြီး ကျေးရွာပြည်သူများ၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာကြောင်း သိရသည်။

**သက်မောင်**

**(ကျောက်ဆည်)**

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံတွင် ယခုခေတ်နှင့်ကိုက်ညီသော "အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေး" ဥပဒေကြမ်းကို ၂၀၁၃ နိုဝင်ဘာလမှ စတင်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထို့အတူ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု" အထိမ်းအမှတ်အခမ်းအနားများကိုလည်း နှစ်စဉ်ကျင်းပလျက်ရှိသည်။ ၁၆ ရက်တာ လှုပ်ရှားမှုသည် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ဖြစ်သည်။ ကျား၊ မ အခြေပြုအကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုဟုလည်း ခေါ်ကြသည်။ ၁၆ ရက်တာ လှုပ်ရှားမှုကို ၁၉၉၁ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ခန့်ကတည်းက စတင်ကျင်းပခဲ့ပြီး ၁၆ ရက်တာ လှုပ်ရှားမှုကို ထာဝရဖဲကြိုးဖြူလှုပ်ရှားမှုနှင့် တွဲဖက်ပြီး လှုပ်ရှားကြခြင်းဖြစ်သည်။

ခေတ်မီတိုးတက်လာသည်နှင့်အမျှ ပွင့်လင်းမြင်သာသော သတင်းအချက်အလက်များ၊ နည်းပညာများ ပေါ်ပေါက်လာပြီဖြစ်ရာ နိုင်ငံတော်အစိုးရအနေနှင့် တာဝန်ရှိသူများက အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ ဥပဒေများကို အလျဉ်းသင့်သလို ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ပြည်သူတစ်ရပ်လုံးကလည်း လူသားချင်းစာနာထောက်ထား၍ လူ့အခွင့်အရေးဟူသမျှကို မလိုအပ်ဘဲ တားဆီးပိတ်ပင်ခြင်း၊ အခွင့်အရေးချိုးဖောက်ခြင်း၊ ကျားမခွဲခြားဆက်ဆံခြင်း၊ အားနည်းသူကို နိုင့်ထက်ကလူပြုခြင်းများကို ရှောင်ကြဉ်ကြရပေမည်။ လူ့ဘောင်အဖွဲ့အစည်းတွင် ငြိမ်းချမ်းသော နိုင်ငံတော်သစ်တည်ဆောက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါသည်။ ထိုလူသားအရင်းအမြစ်များ မဆုံးရှုံးရန်အတွက် အမျိုးသမီးများကို အကြမ်းဖက်ခြင်းမှ တစ်ဆင့် မိမိပတ်ဝန်းကျင်တွင် လူသားများ၏ စိတ်ပိုင်းဆိုင်ရာကို အကြမ်းဖက်သည့် အပြုအမူများကို ရှောင်ကြဉ်ရပေမည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှသည် လူသားအားလုံး "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု"ကို ရှုတ်ချကာကွယ်မှသာလျှင် လူ့အခွင့်အရေးနှင့်ညီမျှသော အနာဂတ်နိုင်ငံတော်သစ်ဆီသို့ ချီတက်နိုင်ပေလိမ့်မည်။ ထို့ကြောင့် "အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကာကွယ်ရေးအတွက် လူသားအားလုံးပါဝင် စုပေါင်းလှုပ်ရှားကြပါရန်" တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ကိုးကား**

- လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များ။
- ၂၀၁၈ ဧပြီလထုတ်တိမ်မြုပ်နေသော ဖြည့်ဆည်းပေးရန် ကွက်လပ်များစာအုပ်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၈၂၀(၂၀၀၈)။
- ၂၀၁၂ ခုနှစ် နေပြည်တော်၌ ကျင်းပသော ၁၆ ရက်တာ လှုပ်ရှားမှုသတင်းများ။

# နိုင်ငံတော်၏အားပေးမြှင့်တင်မှုနှင့်အတူ အောင်မြင်လာသည့် နတ်ရေကန် ကော်ဖီနှင့် လက်ဖက်ခြောက်လုပ်ငန်း

တွေ့ဆုံမေးမြန်း- ကျော်မင်းဦး၊ ဓာတ်ပုံ- အောင်ကျော်ဇင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉) ရပ်၏ စီးပွားရေးကဏ္ဍ အချက် (၃) ချက်တွင် "တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး"ဟု မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏အားပေးမြှင့်တင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများအနက် မင်းဘူးခရိုင် ငဖဲမြို့နယ် ကျောင်းတွင်းရပ်ကွက်ရှိ နတ်ရေကန် ကော်ဖီနှင့် လက်ဖက်ခြောက်လုပ်ငန်းရှင် ဒေါ်ဝေနှင်းဖြူနှင့် တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။



**မေး။ ။** အခု မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပူဇော်ပွဲက MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ လာရောက်ရောင်းချဖြစ်တဲ့ အခြေအနေလေး သိပါရစေ။

ဖြေ။ ။ အဓိကတော့ ကျွန်မပစ္စည်းလေးတွေကို မိတ်ဆက်တဲ့သဘောပါပဲ။ မကွေးတိုင်းအတွင်းကရော၊ နေပြည်တော်ဘက်ကရော ဘုရားဖူးလာတဲ့ မိဘပြည်သူအပေါင်း အကုန်လုံး သိသွားစေချင်တာပေ့ါ။ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ကနေပြီးတော့ ဒီလိုမျိုး ကော်ဖီကောင်း ထုတ်လုပ်တာလေးတွေကို သိသွားစေချင်တဲ့ သဘောပါ။ ရောင်းလည်း ကောင်းပါတယ်။ မိတ်ဆွေအပေါင်းအသင်းနဲ့ ကိုယ်စားလှယ်တွေလည်း အများကြီး အဆက်အသွယ်ရလိုက်ပါတယ်။ အဆင်ပြေပါတယ်။

**မေး။ ။** လုပ်ငန်းစတင်တည်ထောင်ဖြစ်တဲ့ အခြေအနေနဲ့ လက်ရှိ အနေအထားအရ ဈေးကွက်ဖြန့်ဖြူးမှု ဘယ်လောက်ထိ ကျယ်ပြန့်နေပြီလဲ။

ဖြေ။ ။ ၂၀၁၈ -၂၀၁၉ ခုနှစ်လောက်က လုပ်တာပါ။ ငါးနှစ်ခြောက်နှစ်လောက်တော့ ကြာပြီ။ လူသိများလာတာကတော့ သုံးနှစ်လောက်ပဲ ရှိသေးတယ်။ မြန်မာနိုင်ငံအတွင်းမှာဆို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အများဆုံးပို့ရတယ်။ နေပြည်တော်ကိုတော့ အများဆုံးပို့ရတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာဆို စလင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း အကုန်ပို့ရတယ်။

**မေး။ ။** ကုန်ကြမ်းမှ ကုန်ချော၊ ဈေးကွက်တင်ပို့မှု အခြေအနေလေး ရှင်းပြပေးပါ။

ဖြေ။ ။ ဝန်ထမ်းအင်အားကတော့ အနည်းဆုံး ငါးယောက်ခြောက်ယောက်လောက် လိုပါတယ်။ စက်ရုံက စက်က မနှစ်ကမှ ရောက်တာ။ ဒီနှစ်မှစပြီး လည်ပတ်လို့ရမှာ။ လောလောဆယ်တော့ ကော်ဖီစေ့တစ်တန်ကို ကျပ်သိန်း ၈၀ နဲ့ ဝယ်ယူပြီး အဲဒီကုန်ကြမ်းကို ပြင်ဦးလွင်ကို ပို့ရတယ်။ ပို့ထားပြီးတော့ ကုန်ကြမ်းကို ကုန်ချောဖြစ်အောင် ပြင်ဦးလွင်မှာ အမှုန့်ကြိတ်ပြီးတော့ ငဖဲကိုသယ်ပြီး လုပ်ငန်းဆောင်ရွက်နေပါတယ်။ နောက်ဆိုရင်တော့ ကိုယ်ပိုင်လှော်စက်နဲ့ ကုန်ချောဖြစ်အောင် လှော်မယ်၊ လှော်ပြီးသား ကော်ဖီစေ့တွေကို အမှုန့်ကြိတ်စက်နဲ့ကြိတ်ပြီး ပုံစံအမျိုးမျိုးထုပ်ပိုးပြီး မြန်မာပြည်အနှံ့ တင်ပို့ရောင်းချနိုင်ရေးနဲ့ နိုင်ငံခြားပို့ကုန်အဖြစ် ပို့ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာပါ။

**မေး။ ။** လုပ်ငန်းလည်ပတ်နေတဲ့ ဝန်ထမ်းအင်အား အခြေအနေနဲ့ ဝန်ထမ်းတွေအပေါ်ရော ဘယ်လိုကူညီစောင့်ရှောက်ပေးမှုတွေ ရှိသလဲ။

ဖြေ။ ။ ဝန်ထမ်းအင်အားကတော့ နည်းတယ်။ ငါးယောက်၊ ခြောက်ယောက်လောက်နဲ့ အတတ်နိုင်ဆုံး လုပ်ဆောင်နေတယ်။ ဝန်ထမ်းတွေကိုလည်း ကျန်းမာရေး၊ ပညာရေး တတ်နိုင်သလောက် ထောက်ပံ့မှုပေးသလို လေ့လာရေးခရီးစဉ်တွေလည်း ပို့ဆောင်ပေးပါတယ်။

**မေး။ ။** လုပ်ငန်း တည်ထောင်ဖို့ ဘယ်လောက် ရင်းနှီးမြှုပ်နှံမှုကနေ စတင်ခဲ့သလဲ။ တွေ့ကြုံရတဲ့ အခက်အခဲ၊ ကြိုးစားမှုတွေကို ပြောပေးပါ။

ဖြေ။ ။ စပြီးတော့လုပ်တုန်းကတော့ သိန်း ၂၅၀၊ ၃၀၀ ကြား ရင်းနှီးမှုရှိတယ်။ အခုလက်ရှိ ရင်းနှီးမတည်ငွေကတော့ သိန်း ၁၅၀၀ ဝန်းကျင်ရှိပါပြီ။ ဝန်ထမ်းအင်အား ငါးယောက် ခြောက်ယောက်နဲ့ လုပ်တယ်ဆိုတာ ထုတ်လုပ်ရေးပိုင်းပဲရှိသေးတာ။ စက်ရုံက မလည်ပတ်ရသေးဘူး။ စက်က မနှစ်ကမှရောက်တာဆိုတော့ ပစ္စည်း မရှိသေးတဲ့အတွက် မလည်ပတ်ရသေးဘူး။ စက်ရုံများလည်ပတ်ခဲ့သော် နောက်ထပ် ဝန်ထမ်း ငါးယောက်၊ ၁၀ ယောက်လောက်နဲ့ လည်ပတ်ရမှာ။ စက်က ပါကင်ကို မဖောက်ရသေးဘူး။ ဒီဇင်ဘာမှာ ကော်ဖီထွက်မှ စက်က လည်ပတ်လို့ရမှာ။ အခက်အခဲကတော့ အများကြီးပဲ။ ကျွန်မက ဒီငဖဲမြို့လေးကနေလုပ်တာဆိုတော့ မအောင်မြင်ဘူးလို့ပဲ ထင်ကြတယ်။ စပါး၊ နှမ်း၊ ပြောင်း၊ မြေပဲ ဒါတွေပဲလုပ်နေကြတဲ့ ကုန်သည်တွေက များတာကို။ ကျွန်မက သူများတွေမလုပ်တာကို ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ သင်တန်းတွေတက်တယ်၊ ပြင်ဦးလွင်သွားတယ်။ အင်တာနက်မှာလည်း ကော်ဖီလုပ်ငန်းနဲ့ပတ်သက်တာတွေ အကုန် လေ့လာတယ်။ ရှာင်တို့၊ ပြင်ဦးလွင်တို့ ရခိုင်မှာရှိတဲ့ ကော်ဖီလုပ်ငန်းတို့က လာပြီးတော့ ပညာပေးတယ်။ ကိုယ်ကလည်းသွားပြီးတော့ ပညာယူတယ်။ အဲဒီက နည်းပညာတွေစုပြီးတော့ အခက်အခဲတွေ ကျော်ဖြတ်လာတာပါ။

**မေး။ ။** ကော်ဖီပင် စတင်စိုက်ပျိုးထုတ်လုပ်တဲ့အခြေအနေကနေ အခုလို အကြမ်းထည် အချောထည်အထိ ထုပ်ပိုးရောင်းချနိုင်ခဲ့မှုအပေါ် ကြိုးစားဆောင်ရွက်ခဲ့ရမှု၊ လေ့လာသင်ယူခဲ့ရမှုတွေ ပြောပြပေးပါ။

ဖြေ။ ။ ကော်ဖီကတော့ နတ်ရေကန်တောင်ပေါ်ဒေသမှာ အမြင့်ပေ ၃၈၀၀ ကျော်မှာစိုက်တယ်။ အမ်းတောင်ကြားလေးမှာ စိုက်တယ်။ ကိုယ်ပိုင်ခြံနဲ့လည်းစိုက်တယ်။ ကိုယ်ပိုင်ခြံကတော့ ခြောက်ဧက ရှိတယ်။ အစကတော့ ကော်ဖီသီးကိုပဲ ဝယ်ရောင်းလုပ်နေတာ။ ကော်ဖီမှုန့်ဘယ်မှာ ကြိတ်ရမှန်းလည်းမသိဘူး။ ကော်ဖီသီးကို အမှုန့်ကြိတ်ရအောင် ဘယ်လိုလုပ်ရမှန်းလည်းမသိခဲ့ဘူး။ ခုနစ်နှစ် ရှစ်နှစ်လောက်ကြာမှ ပြင်ဦးလွင်မှာသွားပြီးတော့ ကော်ဖီမှုန့်ကို ကြိတ်လိုက်တာ။ ကျွန်မ နေပြည်တော်မှာ သွားပြိုင်လိုက်သေးတယ်။ ငဖဲက ဒုတိယရတယ်။ ရှာင်ကတော့ ပထမရတယ်။ ဒုတိယရတယ်ဆိုတော့ ငါတို့ အဆင့်မီတယ်ဆိုပြီးတော့ အထုပ်လေးတွေ ထုပ်ပြီးရောင်းတာ မရောင်းရဘူး။ အမှုန့်ဆိုတာ ပြင်ဦးလွင်မှာလည်း ပေါတာကိုး၊ ဒါကြောင့် မရောင်းရဘူး။ နောက်ပိုင်းကျတော့ ကော်ဖီထုတ်တဲ့ နည်းပညာကို ရန်ကုန်ကိုသွားပြီး သူငယ်ချင်းတစ်ယောက် လုပ်နေတာကို သွားပြီးလေ့လာတယ်။ ပြင်ဦးလွင်က သူငယ်ချင်းတွေရဲ့ စက်ရုံတွေ သွားပြီး လေ့လာတယ်။ ကျွန်မတို့မကွေးဒေသမှာ အချိုကြိုက်တာများတော့ ချိုဆိမ့်၊ ခါးဆိမ့်ဆိုပြီးထုတ်လိုက်တယ်။ ကော်ဖီသီးကတော့ နိုင်ငံခြားအထိပို့တယ်။

**မေး။ ။** နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးပေးနေတယ်ဆိုတာ သိရပါတယ်။ ဒီလို အားပေး ထောက်ပံ့မှုဆောင်ရွက်ပေးနေတဲ့အပေါ် ဘယ်လိုများ ထင်မြင်ယူဆပါသလဲ။

ဖြေ။ ။ ကျွန်မက သိန်း ၅၀၀ ချေးတာကို ၃၀၀ ချပေးတယ်။ အဲဒါနဲ့ လှော်စက်ဝယ်တယ်၊ အမှုန့်ကြိတ်စက်၊ အိတ်ပိတ်စက် ဝယ်တယ်။ ကျွန်မရဲ့ ထုတ်ကုန်ပစ္စည်းလေးတွေအပေါ်မှာ ပံ့ပိုးကူညီပေးတာ ကျေးဇူးတင်ပါတယ်။ တကယ်လို့များ ထပ်ပြီးချေးနိုင်တယ်ဆိုရင်တော့ ကျွန်မပစ္စည်းတွေ တစ်နှစ်စာ သိုလှောင်ထားချင်တာ။ ကုန်ဈေးနှုန်းတွေက ကြီးလာတာဆိုတော့ နောက်က မလိုက်နိုင်တော့ဘူး။

**မေး။ ။** ကိုယ်ပိုင်ကော်ဖီခြံစိုက်ပျိုးရတဲ့ အခြေအနေလေး ဗဟုသုတအနေနဲ့ ပြောပြပေးပါ။

ဖြေ။ ။ ကော်ဖီပင်ကို စိုက်မယ်ဆိုရင် အရိပ်ရပင်ကို အရင်စိုက်ရတယ်။ ကော်ဖီပင်က သူများအရိပ်ရဲ့အောက်မှာမှ သီးတာပါ။ အရိပ်ပင်ကို နှစ်နှစ် ကြိုစိုက်ထားရတယ်။ အရိပ်ပင်စိုက်တဲ့ အချိန်မှာ ကော်ဖီပင်ကို ပျိုးထားရတယ်။ ကော်ဖီပင် တစ်နှစ်သားရှိတဲ့ အချိန်မှာ အရိပ်ပင်ရဲ့အောက်မှာ စိုက်ရတယ်။ ကော်ဖီပင်က သုံးနှစ်ရှိမှ သီးတယ်။ သုံးနှစ်သားမှ ခူးရတယ်။ ခူးပြီးသားကို နေပူလှန်း၊ အခွံချွတ်စက်နဲ့ အခွံချွတ်ပြီးရင် နေပူပြန်လှန်းရတယ်။ တောင်ပေါ်မှာကျတော့ နေလှန်းရတာ အခက်အခဲရှိတယ်။ အခုကတော့ အဆင်ပြေသွားပြီ၊ ဆိုလာအဆောက်အအုံရှိတယ်။ ဆိုလာမှာသွားပြီး အခြောက်ခံတယ်။ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ရွေးပြီးတော့မှ ကုန်သည်ကို ရောင်းရတယ်။

**မေး။ ။** အစ်မအနေနဲ့ သီးခြားပြောပြချင်တဲ့ အကြောင်းအရာရှိရင် ပြောပေးပါ။

ဖြေ။ ။ ကျွန်မအနေနဲ့ အလုပ်ရုံသီးသန့်လေး ဆောက်ချင်တယ်။ စက်ရုံလေးပေ့ါ။ အခုကတော့ အိမ်နဲ့တွဲထားရတာ။ အမှန်အတိုင်းဆို ကော်ဖီလုပ်ငန်းက တော်တော်လေးကို နက်နဲတယ်။ သန့်ရှင်းသပ်ရပ်မှုရှိရမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရမယ်။ ဘေးပတ်ဝန်းကျင်လည်း သန့်ရှင်းမှုရှိရမယ်။ အဓိကကတော့ စက်ရုံ လိုနေတာ။

**မေး။ ။** နိုင်ငံအတွင်းမှာ လုပ်ငန်းရှင်ဖြစ်ဖို့ ကြိုးစားအားထုတ်နေတဲ့ လူတန်းစားမျိုးစုံရှိပါတယ်၊ သူတို့အတွက် ခွန်အားဖြစ်စေမယ့် အကြံပြုစကားလေး ပြောပေးစေချင်ပါတယ်။

ဖြေ။ ။ အခက်အခဲကတော့ လူတိုင်းရှိတယ်။ ဒါပေမယ့် နောက်မဆုတ်ဖို့ပဲ ပြောချင်တယ်။ ကိုယ်ထုတ်မယ့်ပစ္စည်းတစ်ခုကို ယုံကြည်မှုထားပြီးတော့လုပ်မယ်ဆိုရင် အောင်မြင်မယ်လို့ ယုံကြည်တယ်။ ကျွန်မကတော့ ဒီကော်ဖီလုပ်ငန်းကို ချစ်နေတာဆိုတော့၊ ကော်ဖီက ဘယ်လိုရှုထောင့်ကကြည့်ကြည့် ကျန်းမာရေးအတွက်လည်း အများကြီး အကျိုးရှိကောင်းမွန်တော့ ဒီလုပ်ငန်းကို ဘယ်တော့မှ နောက်မဆုတ်ဘူး။ အဲဒါကြောင့် ကြိုးစားပါလို့ပဲ ပြောချင်ပါတယ်။ ။





နတ်ရေကန်ကော်ဖီနှင့် လက်ဖက်ခြောက်လုပ်ငန်းမှ ထုတ်လုပ်ရောင်းချနေသည့် ထုတ်ကုန်များ။




# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့ စကား" အစီအစဉ်မှ **"မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲတန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ၌ ၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

**တောင်ငူ နိုဝင်ဘာ ၂၈**

၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "လူတိုင်းသက်ရှည် ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့ " ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးမင်းနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများသည် တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို ယနေ့ မွန်းလွဲ ၁နာရီက ကေတုမတီ ဘိုးဘွားရိပ်သာခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးမင်းနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုး ခြောက်ဦး၊ အဘွား ၃၂ဦးနှင့် ရိပ်သာဝန်ထမ်း ၁၂ဦး စုစုပေါင်း ၅၀ ကို သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ စစ်ဆေးကုသပေးခြင်းနှင့် ရာသီတုပ်ကွေး ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြကြောင်းသိရသည်။**(အောက်ပုံ)**

**ဇော်ကိုကို**

**(ပြန်/ဆက်)**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

(၂၈ - ၁၁ - ၂၀၂၃)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၀၀ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၀၀ ကျပ် | ၂၃၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၂၆ | ၂၂၆၅၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၉၀၂ | ၅၅၁၅၈၅၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၆၈ | ၄၇၆၀၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၁၁၆ | ၁၈၅၁၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃၈၉ | ၉၄၃၀၅၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၀၀ | ၄၀၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၆၅၀ | ၁၇၀၀ | ၁၉၈၅ | ၃၂၇၅၆၀၀ |

ညီညီ - စုစည်းသည်

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မုံရွာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရာပြည့်ကပ်ကျော်စေတီတော်ကြီး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မုံရွာမြို့ ဘုရားကြီးရပ်ကွက် သာစံကျောင်းတိုက် သက်တော်ရှည် ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

**ပရိတ်တရားတော်များချီးမြှင့်**

ယင်းနောက် ပင့်သံဃာဆရာတော်၊ သံဃာတော်များက ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မုံရွာမြို့ ရန်ကင်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဒွိပိဋကဓရ၊ ဒွိပိဋက ကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံတော်မှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနုမောဒနာ တရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကာ “ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ” သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ**

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားကို ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးနှင့် အရှေ့ဘက်ကန်သာယာတွင် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တပ်မတော် အရာရှိကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်ဆရာလေးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ (ဓာတ်ပုံ)

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် လုပ်ငန်းရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ တပျော်တပါး လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ဒုတိယအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင် မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၂၅၃ ကျောင်းနှင့် သီလရှင်ကျောင်းတိုက် ၄၀ တို့ရှိ ဆရာတော်၊ သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၈**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ မအူပင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၈၁ ဦး၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၇၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၁ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၀ နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**လှူဒါန်း**

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား နေ့လယ်စာ ထမင်းဘူးများ ပေးဝေလှူဒါန်းသည်။

**အောင်မြင်စွာမွေးပေးနိုင်**

ထို့ပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ပေါ်၌ ယနေ့မွန်းလွဲ ၂ နာရီ ၄၇ မိနစ်ခန့်တွင် မအူပင်မြို့နယ် ထနီကျေးရွာမှ မီးဖွားလူနာ မဇင်မီမီထက်ကို ၇ ပေါင် ၅ အောင်စရှိသော သားဦးရတနာလေးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ် (ရေ) မှ မောင်စိုးထက်ရွှေဟု အမည်ပေးပြီး ထောက်ပံ့ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများအား တာဝန်ရှိသူများက ကိုယ်စားပေးအပ်သည်။ **(အပေါ်ပုံ)** ၎င်းကလေးငယ်သည် ယခုဆေးကုသမှု ခရီးစဉ်တွင် ဒုတိယမြောက် မွေးဖွားပေးခဲ့သော ကလေးငယ်ဖြစ်ပြီး မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) သမိုင်းမှတ်တမ်းတွင် ၂၈ ယောက်မြောက်အဖြစ် အောင်မြင်စွာ မွေးပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

၎င်းအပြင် ယခင်နယ်လှည့် ဆေးကုသမှု ခရီးစဉ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ မွေးဖွားပေးခဲ့သော မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု တမလိုကျေးရွာမှ ဦးစိုးလင်းနှင့် ဒေါ်ကေခိုင်ဝင်းတို့၏ သားငယ်ဖြစ်သူ မောင်နေဇွန်မင်းကိုလည်း လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရသည်-

**ဦးငွေသောင်း (ဒေသခံ)**

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ ရောက်နေတယ်လို့ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး အဘိုးသိရှိခဲ့ရပါတယ်။ အဘိုးတို့လို ဒုက္ခိတတွေ၊ မမြင်မစမ်းဖြစ်နေတဲ့ လူတွေ၊ ချို့တဲ့နွမ်းပါးတဲ့သူတွေကို ကုသပေးတဲ့ နိုင်ငံ့ခေါင်းဆောင်တွေရော သားတို့လို အဖွဲ့အစည်းတွေရော၊ ကျန်းမာလို့ ချမ်းသာပြီးတော့၊ တစ်နေ့တခြား လုပ်ငန်းကိုင်ငန်းတွေ တိုးတက် အောင်မြင်ပြီး



ဦးငွေသောင်း

အန္တရာယ်အမျိုးမျိုးနဲ့ ကင်းဝေးပါစေဗျာ။ ဘဝကလည်း အဆင်မပြေတဲ့အတွက်ကြောင့် ဒီနေရာမှာလာပြီး ကုသရတာ တကယ်ကို ဝမ်းမြောက်ဝမ်းသာနဲ့ ကြည်နူးမိပါတယ်။ သိပ်ပြီးတော့ ချစ်စရာကောင်းပါတယ်။ တကယ်ချစ်စရာကောင်းပါတယ်။ အင်မတန်မှလည်း ကျေးဇူးတင်ပါတယ်။ ပျော်လို့မဆုံး၊ ဝမ်းသာလို့မဆုံး ဖြစ်မိပါတယ်။ အခုလာရောက်ကုသပေးတဲ့ အဖွဲ့သူ၊ အဖွဲ့သားတွေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ တစ်သက်လုံး အန္တရာယ်အမျိုးမျိုးနဲ့ ကင်းဝေးပါစေ။ လုပ်လေရာကိုင်လေရာ နေရာတိုင်းမှာ အန္တရာယ်အမျိုးမျိုး ကင်းဝေးပြီး ကိုယ့်ရဲ့လုပ်ငန်းကိုင်ငန်းတွေကို သူတစ်ပါးက မဖျက်ဆီးနိုင်ဘဲ အောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ရပါတယ်။

သတင်းစဉ်




## တန်ဆောင်တိုင်ရုံးပိတ်ရက် / ကျောင်းပိတ်ရက် ပလင်းကမ်းသာယာ ဆင်စခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့်စည်ကား

**ညောင်ဦး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာ ဆင်စခန်းသို့ တန်ဆောင်မုန်း လပြည့်နေ့တွင် အပန်းဖြေခရီး လာရောက်လည်ပတ်သူများနှင့် ဆင်များကို လေ့လာလိုသူ ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှုများပြားခဲ့ကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်အကွာ ညောင်ဦး-ပခုက္ကူ- မြင်းခြံ ကားလမ်းမကြီးဘေး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိပြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှု ဇုန်သို့ ဘုရားဖူးလာခရီးသွားပြည်သူများ ခရီးတစ်ထောက် လာရောက် အပန်းဖြေနားနေရာတစ်ခုလည်း ဖြစ်သည်။

ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းတွင် ကလေးစီး ရဟတ်၊ ဆီးဆော၊ လျှောစီးနေရာ၊ ဒန်းတို့ပါရှိပြီး ကလေးဥယျာဉ်အဖြစ် ငယ်စဉ်ကတည်းက သစ်ပင်၊ ပန်းပင်သစ်တောတို့ကို မြတ်နိုးတတ်စေရန် ဥယျာဉ်ငယ်ပြုလုပ်ဖန်တီးပေးထားကြောင်း၊ ဆင်ပြတိုက်တွင်လည်း စုံလင်စွာ ပြသပေးထားပြီး ခရီးသွားအပန်းဖြေ ဆင်လေ့လာလိုသူများ သိရှိလိုသည်များကို ဆင်စခန်းတာဝန်ရှိသူများက လိုက်လံရှင်းပြပေးကြောင်း သိရသည်။

တန်ဆောင်မုန်း လပြည့်နေ့တွင် ဆင်များအတွက် ဆင်စာဘူဖေးကျွေးသူ များပြားခဲ့ပြီး ဧရာဝတီ မြစ်ကမ်းဘေးတွင် ဆင်စခန်းလာ ဆင်ချစ်သူများ အပန်းဖြေနားနေနိုင်ရန် ခြေတံရှည်တဲများတွင် အပန်းဖြေသူများဖြင့် စည်ကားခဲ့ပြီး **(အပေါ်ပုံ)** ဆင်စခန်းများ လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် မြန်မာ့ဆင်များကိုယ်တိုင် ထိန်းသိမ်းဖို့ အင်အားဖြစ်စေကြောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ရင်း ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လေ့လာခဲ့သည့် ခရီးသွားဆင်ချစ်သူ များပြားခဲ့ကြောင်း၊ ဆင်စာကျွေးမှုလည်း များပြားခဲ့ကာ ပလင်းကမ်းသာယာဆင်စခန်းမှ ဆင်ထိန်းများကလည်း ခရီးသွားဆင်ချစ်သူများ ဆင်များအကြောင်း သိလိုသည်များကို ရှင်းပြပေးကြောင်း ပလင်းကမ်းသာယာ ဆင်စခန်း တာဝန်ရှိသူများထံမှ သိရသည်။ **ဒီပါလင်း**

## စစ်တွေတက္ကသိုလ်၌ တပ်မတော်မှ တပ်စွဲနေသည်ဟု ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် သတင်းတု သတင်းမှားများ ဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

AA အဖွဲ့၏ ထိုးစစ်အရှိန်မြင့်လာသဖြင့် စစ်တွေတက္ကသိုလ်ဝင်းထဲ၌ နိုဝင်ဘာ ၂၇ ရက်တွင် တပ်မတော်သားများ ဝင်ရောက်တပ်စွဲနေရာယူပြီး မြို့တွင်း အထပ်မြင့်အဆောက်အဦများပေါ်၌ အထိုင်ချရန် ပြင်ဆင်နေကြောင်းနှင့် ထိုသို့နေရာယူခြင်းသည် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လူသားဒိုင်းအဖြစ် အသုံးချခြင်းဖြစ်သည်ဟု မဟုတ်မမှန်သတင်းများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတုသတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ စစ်တွေတက္ကသိုလ်၌ တပ်မတော်မှဝင်ရောက်တပ်စွဲ နေရာယူခြင်းများမရှိကြောင်းနှင့် ကျောင်းဖွင့်ချိန်များတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝင်းဧရိယာပြင်ပ၌ လုံခြုံရေးတာဝန် ထမ်းဆောင်ပေးခြင်းများသာ ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ဆက်သွယ်မေးမြန်းချက်များအရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်အပေါ် နိုင်ငံတကာနှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဆရာ ဆရာမများအား လူသားဒိုင်းအဖြစ် အသုံးချခြင်းဖြစ်သည်ဟု မဟုတ်မမှန်သတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားခြင်းသာဖြစ်ကြောင်း၊ လှိုင်ကော်တက္ကသိုလ်၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအရ အကြမ်းဖက်သမားများ အနေဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များကို တက္ကသိုလ်ဝင်းထဲမှ ကယ်ထုတ်သည်ဟုဆိုကာ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွား၍ လူသားဒိုင်းအဖြစ် အသုံးချလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ပြည်ဖျက် မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်နှင့် တပ်မတော်မှ နယ်မြေလုံခြုံရေးတာဝန် ထမ်းဆောင်နေမှုများအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ မဟုတ်မမှန် သတင်းတု သတင်းမှားများ ထုတ်ပြန်ရေးသားကာ တပ်မတော်၏ ပုံရိပ်ကျဆင်းအောင် တမင်ဖန်တီး တိုက်ခိုက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများ အနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၅၁၁ ဦး၊ အမျိုးသမီး ၂၀၃ ဦး စုစုပေါင်း ၇၁၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈၈၂၃ ဦး၊ အမျိုးသမီး ၁၀၈၅ ဦး စုစုပေါင်း ၉၉၀၈ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရွှေကျင်မြို့နယ် ရွှေကျင် - သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ ကျုံပကူချောင်းကူးတံတားအား KNU အဖွဲ့မှအကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်-သိမ်ဇရပ်သွားကားလမ်းပေါ်ရှိ "ကျုံပကူ" ချောင်းကူးတံတားအား KNU အဖွဲ့မှအကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ ရက် နံနက် ၃ နာရီ ၅ မိနစ်တွင် ရွှေကျင်မြို့နယ် ကျုံချောင်ရွာအနီး ရွှေကျင် – သိမ်ဇရပ် သွားကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀၇) "ကျုံပကူ" ချောင်းကူးတံတားအား KNU အဖွဲ့မှအကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါတံတား၏ တောင်ဘက်ကမ်းကပ်ခုံဘက်မှ တံတားကြမ်းခင်း လေးပေခန့်နှင့် ဝဲ/ယာတံတား လက်ရန်း ခြောက်ပေခန့် ပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၈**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့် ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zan Nyan Wine" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက်နေ ဈာန်ညဏ်ဝိုင်း(ခ) ဖိုးချိုအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "Hninaye Hninaye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၂)နေ နှင်းနှင်းအေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ပီတန်းချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတစ်ခုရရှိသော မြန်မာပီတန်း အားကစားအဖွဲ့ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၈**
ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ လက်ခံကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ် ( WOMEN & JUNIOR PETANQUE WORLD CHAMPIONSHIP -2023) ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရ မြန်မာပီတန်း အားကစားအဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ မြန်မာအသင်းသည် အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း Shooting ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခင်ချယ်ရီသက်က Shooting ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။



**ကမ္ဘာ့အဆင့် (၁၀)ရရှိ**

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံအနက် မြန်မာအသင်းမှ အမျိုးသမီးတစ်ဦးချင်း Shooting ပြိုင်ပွဲတွင် ခင်ချယ်ရီသက်သည် ဗီယက်နမ်နှင့် ယှဉ်ပြိုင်ကစားရာ ရမှတ် ၄၂ မှတ်ဖြင့် ပထမ ရွှေတံဆိပ်ဆုရရှိခဲ့ပြီး အမျိုးသမီး တစ်ဦးချင်းတွင် ကမ္ဘာ့အဆင့် (၁၀)ရရှိခဲ့ကြောင်း သိရသည်။

**ကြိုဆို**

အဆိုပါပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ပီတန်း အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးအေးထွန်း၊ နည်းပြ၊ အားကစားသမားလေးဦးတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းမှ ကျောင်းသားကျောင်းသူများ၊ မိဘဆွေမျိုးများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

❖ *ကျောဖုံးမှ*

လေးပွဲစီကစားအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်မှတ်၊ မက်ကာသာအသင်းက ကိုးမှတ် ရရှိထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် မက်ကာသာအသင်းနှင့် ပထမအကျော့တွေ့ဆုံရာတွင် အိမ်ကွင်း၌ သုံးဂိုးပြတ် အရေးနိမ့်ထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ပွဲများတွင် မက်ကာသာအသင်းကို အိမ်ကွင်း၌ သုံးဂိုး – ဂိုးမရှိ၊ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်၊ ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းကို အဝေးကွင်း၌ တစ်ဂိုး – ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီး ဒုတိယအကျော့ အဖွင့်ပွဲတွင် ဆီဘူးအသင်းကို အိမ်ကွင်း၌ တစ်ဂိုးစီ သရေကျခဲ့သည်။

မက်ကာသာ အသင်းသည် ပထမအကျော့ ပွဲများတွင် ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်၊ ဆီဘူးအသင်းကို အိမ်ကွင်း၌ ရှစ်ဂိုး – နှစ်ဂိုးဖြင့် အနိုင်ရပြီး ဖနွမ်းပင် ခရောင်းအသင်းကို အဝေးကွင်း၌ သုံးဂိုးပြတ် အရေးနိမ့်ခဲ့ကာ ဒုတိယအကျော့ပထမပွဲတွင် ဖနွမ်းပင် ခရောင်းအသင်းကို အိမ်ကွင်း၌ ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-သော်လေး**

❒ *ကျောဖုံးမှ*

ဦးဆောင် နိုင်ခဲ့သော်လည်း နောက်ဆုံးမိနစ် အပိုင်းအခြားတွင် အာဂျင်တီးနားအသင်းက တတိယ ချေပဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက်သုံးဂိုးစီ သရေကျနေခဲ့သည်။ ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရာတွင် ဂျာမနီအသင်းက လေးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို ရူဘာတိုတစ်ဦးတည်းက သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဂျာမနီအသင်းအတွက် သွင်းဂိုးများကို ဘရူနာနှင့် မော်စတက်ဒ်တို့က သွင်းယူပေးခဲ့သည်။ အခြားအကြိုဗိုလ်လုပွဲတွင် ပြင်သစ်က မာလီကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမေ့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်လေးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Golden Mountain ခရုဆီ ၁၀၀၀ ကီလိုဂရမ်၊ Lactasoy ပဲနို့ ဘူး ၃၆၀၀၀ ၊ DURO ဆိုင်ကယ်တာယာ အလုံး ၂၀၀ ၊ Polyester Fabric ၈၅၀၀ ကီလိုဂရမ်၊ GI Hollow Pipe ၁၅၀၀၀ ကီလိုဂရမ်၊ BT Speaker အလုံး ၁၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck နှစ်စီး၊ MAN Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



